တတိယနှစ် ပြန်နယ်

# techspace

ကွန်ပျူတာ၊ မိုဘိုင်းနှင့် နည်းပညာဂျာနယ်


Motors.com.mm

မော်တော်ယာဉ်

ရောင်းလို၊ ဝယ်လိုသူများ

အခမဲ့ တွေ့ဆုံရာနေရာ


Volume.4, Issue.26 / October 6, 2015 (Tuesday)

PC REVIEW

## Acer Aspire S3-392G



## LOCAL NEWS

- MPT ၏ ဆွေသဟာအစီအစဉ်တွင် အင်တာနက်အသုံးပြုမှုနှုန်းထားကို 1MB လျှင် ၆ ကျပ်နှင့် SMS တစ်စောင်လျှင် ၁၀ ကျပ်နှုန်းသို့ လျှော့ချ

## PLUS +

- WW2 ရဲ့ တိုက်ပွဲဝင် သင်္ဘောများ (သို့) World of Warships
- Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ
- သတိထားလာသင့်သော လမ်းဘေးပုံး၊ ပုံးသယ်ခြင်းနှင့် ယာဉ်များအကြောင်း
- .VOB ဖိုင်တွေကို Android ပေါ်မှာ ဘယ်လိုဖွင့်မလဲ
- Android Marshmallow ၏ အကောင်းဆုံးလုပ်ဆောင်ချက် (၇)ခု

MOBILE COMPARISON

**Xiaomi Mi 4i Vs Vivo V1**



MOBILE REVIEW

HTC Desire 826 Dual SIM နှင့် ခုနစ်ရက်တာ ဖြတ်သန်းခြင်း

CAMERA REVIEW

အရေအတွက် ကန့်သတ်ထုတ်လုပ်ရောင်းချမယ့် GR II Premium Kit







ASUS

iF DESIGN AWARD 2015

Zenfone™ 2

ZE551 ML

DUAL SIM 4G

facebook.com/ASUSMyanmar



The first 4GB RAM SMART PHONE

1 Year WARRANTY Official

- 13MP PixelMaster Camera Super Low Light mode
- 64 bit Super Quad Core Proccessor
- Fast charging technology ready

Price 329,000Ks

Authorized Distributor

MobiTel

Service: No . (34), Corner of Kantkaw Street & Sapal Street, Tarmwe Township,Yangon. Tel: 09 32466699

First For Car News & Reviews

**AUTOCAR** Myanmar

ကမ္ဘာ့ ကားလောက၏ ဂုဏ်သိက္ခာအကြီးဆုံးနှင့် ရောင်းအားအကောင်းဆုံး
AUTOCAR UK မဂ္ဂဇင်းကို မြန်မာဘာသာဖြင့် လစဉ်ဖတ်ရှုနိုင်စေရန်အတွက်
August Myanmar Media Group Company Limited မှ
တရားဝင်လိုင်စင်ယူ၍ ဖြန့်ချိပေးလိုက်သည်

Email : myanmarautocar@googlemail.com
Facebook : www.facebook.com/AutoCarMyanmar







လစဉ် ထွက်နေပါပြီ
တန်ဖိုး ၃,၀၀၀ ကျပ်

**HOT LINE :**
01-860 5227
01-860 5228

Head Office:
**August Myanmar Media Group**
Room 11, Building (6/1), Yan Aung Lane (3),
Yankin Ts., Yangon, Myanmar.
Ph: 01-8605088

**Digital Camera**
မြတ်နိုးနိုင်ငံ၏ ရောင်းအားအကောင်းဆုံး ကမ္ဘာကျော်ဓာတ်ပုံပညာမဂ္ဂဇင်း

လစဉ် ပုံနှိပ်ထုတ်ဝေ ဖြန့်ချိပြီးဖြစ်တဲ့ **Digital Camera** မဂ္ဂဇင်းများကို
အမှတ်စဉ်လိုက် ဝယ်ယူ စုဆောင်း ဖတ်ရှုလိုသူ ဓါတ်ပုံဝါသနာရှင်များအတွက် **(အထူး)** အစီအစဉ် !

**Digital Camera**
မဂ္ဂဇင်း
**( Back Issue )**

၁ အုပ် = ၃,၅၀၀ ကျပ်
၃ အုပ် = ၁၀,၀၀၀ ကျပ်
၆ အုပ် = ၂၀,၀၀၀ ကျပ်
၁၂ အုပ် = ၄၀,၀၀၀ ကျပ်

ယခင်လထုတ် မဂ္ဂဇင်းများအတွက်
ဖုန်းဆက်ပါ !




Head Office: **August Myanmar Media Group**
Room 11, Building (6/1), Yan Aung Lane (3), Yankin Ts., Yangon, Myanmar.
Ph: 01-8605088 Facebook: www.facebook.com/myanmardcm, Email: digitalcamera.mm@gmail.com

PHONE : 01- 860 5227, 01- 860 5228

၃ အုပ်နှင့်အထက် မှာယူပါက – ရန်ကုန်မြို့တွင်း အိမ်အရောက်ပို့ စနစ်ဖြင့် ပို့ဆောင်ပေးမှာ ဖြစ်သလို နယ်မြို့များအတွက် သက်ဆိုင်ရာမြို့ အဝေးပြေးကားဂိတ်များအထိ (အခမဲ့) ပို့ဆောင်ပေးပါမည်။


Myanmar TOP 1
HUAWEI
HUAWEI G7 Plus
Endlessly elegant
Grab your elegance on 4th Oct
Multi Function Fingerprint
13 MP (Rear)/ 5MP (Front) RGBW Camera
3 GB RAM + 32 GB ROM
5.5 "Screen,2.5D Curved FHD
Official Check
LIKE/ FOLLOW us
HuaweiDeviceMyanmar
Hotline : 01 9000900
consumer.huawei.com/mm/

# Huawei ကုမ္ပဏီမှ ရေဘေးသင့်မိဘပြည်သူများအတွက် ကျပ်သန်း ၂၀၀ လှူဒါန်း




Huawei ကုမ္ပဏီသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် အတူလက်တွဲ၍ စက်တင်ဘာ ၂၇ရက်တနင်္ဂနွေနေ့ ၂၀၁၅ ခုနှစ် သုဝဏ္ဏအားကစားကွင်းတွင် ကျင်းပခဲ့သည့် Support Myanmar ပရဟိတ ရန်ပုံငွေတေးဂီတ ဖျော်ဖြေပွဲတွင် ပံ့ပိုးကူညီသူတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့ပြီးမြန်မာနိုင်ငံတစ်ဝှမ်းရှိ ရေဘေးသင့်မိဘပြည်သူများအတွက် ငွေကျပ်သန်း၂၀၀ကိုထည့်ဝင်လှူဒါန်းခဲ့သည်။

အဆိုပါပရဟိတ ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲတွင်Huaweiကုမ္ပဏီမှ Gold Co-sponsor တစ်ဦးအဖြစ် ပံ့ပိုးဆောင်ရွက်ခဲ့ပြီး ကံထူးရှင်အယောက် ၁၀၀ ကိုရွေးချယ်ကာ Bluetooth speaker များလက်ဆောင်ပေးအပ်ခဲ့သည်။ တေးသံရှင် ဖြူဖြူကျော်သိန်းမှလည်း Huawei ကုမ္ပဏီ၏ theme song ဖြစ်သော "Dream It Possible" ကို သီဆိုဖျော်ဖြေခဲ့သည်။ အဆိုပါပရဟိတရန်ပုံငွေတေးဂီတ ဖျော်ဖြေပွဲတွင် ကူညီပံ့ပိုးခြင်းသည် Huawei ကုမ္ပဏီ၏မြန်မာပြည်သူများအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်နေသော ကူညီထောက်ပံ့မှု အစီအစဉ်များအနက်မှ တစ်စိတ်တစ်ဒေသသာ ဖြစ်သည်။အဆိုပါပရဟိတရန်ပုံငွေတေးဂီတ ဖျော်ဖြေပွဲတွင် ကောက်ခံရရှိသော အလှူငွေများအားလုံးကို မြန်မာနိုင်ငံတစ်ဝှမ်းရှိ ရေဘေးသင့် မိသားစုများနှင့် ဒေသများ ပြန်လည်ထူထောင်ရေးအတွက် သုံးစွဲသွားမည်ဖြစ်သည်။

မကြာသေးခင်ကလည်း Huawei ကုမ္ပဏီသည် ရေဘေးသင့်ပြည်သူများအတွက်လိုအပ်သည့်အစားအသောက်၊ အသုံးအဆောင်များပါဝင်သည့်တန်ဖိုးငွေကျပ် ၆၅ သန်းရှိသည့် သေတ္တာအပုံး ၁၀၀၀ ကိုလှူမှုဝန်ထမ်းကယ်ဆယ်ရေး၊ ထူထောင်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ သွားရောက်ပေးအပ်လှူဒါန်းခဲ့သည်။Huaweiကုမ္ပဏီအနေနှင့်မြန်မာနိုင်ငံတစ်ဝှမ်းရှိ ရေဘေးသင့်ပြည်သူများအတွက်အထောက်အကူရစေရန် ရည်ရွယ်၍ ယခုကဲ့သို့ကူညီ လှူဒါန်းခြင်း ဖြစ်သည်။ Huawei ကုမ္ပဏီသည်မြန်မာနိုင်ငံတွင်လုပ်ငန်းများစတင်လုပ်ကိုင်ဆောင်ရွက်သည့် ၂၀၁၃ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံရှိ လူမှုအကျိုးပြုလုပ်ငန်းကိစ္စရပ်များအတွက် အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်ကို ကူညီထောက်ပံ့ပေးခဲ့ပြီး ဖြစ်သည်။

ထို့အပြင် Huawei ကုမ္ပဏီသည် မြန်မာနိုင်ငံ၏ ထိပ်တန်းဆက်သွယ်ရေးအော်ပရေတာများဖြစ်သည့် MPT, Telenor နှင့် Ooredoo တို့နှင့်အတူရေဘေးကြောင့် ပျက်စီးသွားသည့်ဒေသများတွင် ဆက်သွယ်ရေးကွန်ရက်များ အမြန်ဆုံးပြန်လည်ကောင်းမွန်လာစေရန်မှုးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

"ကျွန်တော်တို့ Huawei ကုမ္ပဏီ အနေနဲ့မြန်မာနိုင်ငံမှာ ဆောင်ရွက်သမျှကို ရေရှည်စီမံကိန်းအနေနဲ့ အကောင်အထည်ဖော်နေပြီး ရေဘေးသင့်ဒေသတွေအတွက် လိုအပ်ရင်လိုအပ်သလို ဆက်လက်ကူညီပံ့ပိုးသွားမှာပါ။ ကျွန်တော်တို့အနေနဲ့ မြန်မာပြည်သူတွေနဲ့ တစ်သားတည်းရှိနေပြီး သူတို့ခံစားနေရတဲ့ အခက်အခဲတွေ လျော့နည်းသွားအောင် တတ်နိုင်သမျှ ကူညီပံ့ပိုးပေးသွားမှာပါ" ဟု Huawei Technologies (Yangon) Co., Ltd ၏ မန်နေဂျင်း ဒါရိုက်တာဖြစ်သူ Mr. Liman Zhang က ပြောကြားခဲ့သည်။

## Hitachi Soe Electric & Machinery ၏ စီးပွားရေးလုပ်ငန်းများ စတင်

ဂျပန်နိုင်ငံ Hitachi ကုမ္ပဏီ၏ Transformer နည်းပညာများနှင့် SEM၏ ပြည်တွင်းစီးပွားရေး ကျွမ်းကျင်မှုများကိုပေါင်းစပ်ကာ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးအင်ယွန့်ရေးတိုးတက်မှုကိုကူညီထောက်ပံ့သွားနိုင်ရန် ရည်ရွယ်လျက် Hitachi Soe Electric & Mechinery၏စီးပွားရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

Hitachi Industrial Equipment Systems Co.Ltd (HIES) President Mr Aoki Masakazu နှင့် Soe Electric & Machinery Co.Ltd(SEM) ၏ Managing Director ဦးကျော်မင်းထွန်းတို့သည်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် Distribution Transformer, Power Transformer စသည်တို့နှင့် သက်ဆိုင်သော Joint Venture Comp any Hitachi Soe Electric & Machinery Co., Ltd(HI-SEM)အားစတင်တည်ထောင်မည့်လက်မှတ်ရေးထိုးခြင်းအား ၂၀၁၅ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် ပြုလုပ်ခဲ့ပြီးနောက် သက်ဆိုင်ရာ တာဝန်ရှိသူများမှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုချက် တရားဝင်ရရှိရန်အတွက် လိုအပ်သည့် လျှောက်ထားမှုများပြုလုပ်ခဲ့ပြီး အောက်တိုဘာလ ၁ ရက်နေ့မှစတင်ကာ Hitachi SEM Company ၏စီးပွားရေးဆိုင်ရာလုပ်ငန်းစဉ်များအား စတင်မည်ဖြစ်ကြောင်း သိရသည်။

HIES နှင့် SEM ကုမ္ပဏီတို့သည် ၂၀၁၂ ခုနှစ်ကတည်းက "Amorphous Transformers" ဖန်တီးထုတ်လုပ်မှုနှင့် ပတ်သက်၍ စက်မှုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ဖလှယ်မှုများ ရှိခဲ့သည်။ ယခုကဲ့သို့ မြန်မာနိုင်ငံတွင် အကျိုးတူဖက်စပ်ကုမ္ပဏီတည်ထောင်မှုသည်လည်းရှေ့အနာဂတ်တွင်ကုမ္ပဏီ၏ အမည်သည် Hitachi Soe Electric & Machinery Co Ltd (Hitachi SEM) အဖြစ် သဘောတူသတ်မှတ်ထားသည်။ Hitachi SEM onl SEM ၏ Transformer ဆိုင်ရာစီးပွားရေးကိုလုံးဝလက်လွှဲယူ၍ မြန်မာနိုင်ငံတွင် လျှပ်စစ်ဖြန့်ဝေရေးတွင် မရှိမဖြစ်အရေးပါသော Transformer နှင့် ဆက်စပ်ပစ္စည်းများကိုဒီဇိုင်း၊ ထုတ်လုပ်မှု၊ ရောင်းချမှု၊ တပ်ဆင်မှုနှင့်ပြုပြင်ထိန်းသိမ်းရေးအားလုံးကို တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေး လျှင်မြန်စွာတိုးတက်လာသည်နှင့်အမျှပြည်တွင်းဓာတ်အား လိုအပ်ချက်သည်လည်း ဆတူတိုးတက်လာသည်ဖြစ်ရာထိုလိုအပ်ချက် ထောက်ပံ့ပေးနိုင်မည့် စွမ်းအင်အခြေခံအဆောက်အအုံများတည်ဆောက်ရန် အမိက ကိစ္စတစ်ခု ဖြစ်လာသည်။ လျှပ်စစ်ဓာတ်အားမလုံလောက်ခြင်း၊ ပြတ်တောက်ခြင်းများသည်စက်မှုစီးပွားတိုးတက်ရေးကို များစွာ နှောင့်နှေးစေနိုင်သဖြင့် မြန်မာနိုင်ငံသည် ယခုအခါ စွမ်းအင်ထုတ်လုပ်ရေးအဆောက်အအုံများအပြင်လျှပ်စစ်လွှဲပြောင်းရေးနှင့်ဖြန့်ဖြူးရေးကွန်ရက်များကိုလည်း တည်ဆောက်လျက်ရှိသည်။ အဆိုပါ အခြေအနေသည် တည်ငြိမ်သော လျှပ်စစ်စွမ်းအင်ကို ထုတ်လုပ်ပေးနိုင်သည့် အရည်အသွေးမြင့် Transformer များအပါအဝင် လျှပ်စစ်ထုတ်ဝေရေးနှင့် ဖြန့်ဖြူးရေးကိရိယာများ၊ လိုအပ်ချက်ကို မြင့်တက်လာစေသည်။

Hitachi SEM ကိုဖွဲ့စည်းပြီး SEM ၏ နိုင်မာသော ပြည်တွင်းစီးပွားရေးအင်အားနှင့် HIES ၏စက်မှုနည်းပညာတို့ကို ပေါင်းစပ်ကာ အရည်အသွေးမြင့် Transformer များထုတ်လုပ်၍ပြည်တွင်းသာမက ပြည်ပ ASEAN နိုင်ငံများသို့ပါ တင်ပို့ရောင်းချနိုင်ရန် ရည်ရွယ်ထားသည့်အပြင် စက်မှုနည်းပညာသစ်များဖြင့်ပြည်တွင်းထုတ် Transformer များနှင့် ဆက်စပ်ပစ္စည်းများ ပိုမိုကျယ်ပြန့်စွာ အသုံးဝင်လာခြင်းအားဖြင့် ပြည်ပမှ ငှင်းပစ္စည်းများတင်သွင်းနေရမှုကို လျှော့ချရန်လည်းရည်ရွယ်ထားသည်။

Hitachi SEM ဥက္ကဋ္ဌအဖြစ် Mr. Katsitoshi Inagaki မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။



# တစ်ကမ္ဘာလုံးရှိ တယ်လီနောအမျိုးသမီးဝန်ထမ်းများအတွက် လစာပေးမည့် မီးဖွားခွင့်ရက် ၆ လ စတင်သတ်မှတ်

စီးပွားရေးလုပ်ငန်းခွင်များတွင် အမျိုးသမီး ဦးဆောင်မှုများပိုမိုတိုးတက်များပြားလာစေရန်နှင့် မတူကွဲပြားမှုများကို အားပေးသည့်ရည်ရွယ်ချက်နှင့်အညီ တယ်လီနောအုပ်စုအနေဖြင့် ၎င်းစီးပွားရေးလုပ်ငန်းရုံးများတည်ရှိရာ ဈေးကွက် ၁၃ နေရာတွင် အလုပ်လုပ်နေသောအမျိုးသမီးများအတွက် လစာနှင့်အတူ မီးဖွားခွင့် ၆ လ ပေးတော့မည်ဖြစ်သည်။





အဆိုပါမူဝါဒသည်အထူးသဖြင့် အာရှဒေသများတွင်ရှိသော တယ်လီနောရုံးများအတွက် အကျိုးသက်ရောက်စေမည်ဖြစ်ပြီး တယ်လီနောရုံးများတည်ရှိသည့်ဥရောပနိုင်ငံများတွင် ကျင့်သုံးလျက်ရှိသော မီးဖွားခွင့်ရက်များသည် ယခုအသစ်စတင်လိုက်သော မူဝါဒနှင့်အတူ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းပေါ်လစီကို အကောင်အထည်ဖော်လိုက်ခြင်းသည် ဆက်သွယ်ရေးကဏ္ဍတွင် အလုပ်လုပ်လျက်ရှိသော ဝန်ထမ်းများအတွက် လုပ်ငန်းခွင်နှင့် ကိုယ်ပိုင်လူနေမှုဘဝကို ညီမျှမှုရှိစေမည်ဖြစ်ပြီး လက်ရှိအခါတွင် အာရှဒေသအတွင်းရှိတယ်လီနောရုံးများတည်ရှိသည့်နိုင်ငံများတွင် ဘင်္ဂလားဒေ့ရှ်မှလွဲ၍အမျိုးသမီးဝန်ထမ်းများသည် သက်ဆိုင်ရာနိုင်ငံအလိုက် ကျင့်သုံးကြသည့်စနစ်များအရ ခြောက်လနှင့် နည်းပါးသော ကိုယ်ဝန်ဆောင်ခွင့်ကိုသာရရှိနေကြသည်။ ထို့အတွက်ကြောင့် အမျိုးသမီးများအနေဖြင့်ရင်သွေးများရပွားလိုပါက လုပ်ငန်းခွင်ကိုစွန့်လာခြင်းများရှိလာနိုင်ပြီးတယ်လီနောမှရုံးတွင်းကောက်ယူခဲ့သောစစ်တမ်းများအရအချို့အမျိုးသမီးဝန်ထမ်းများသည်ကိုယ်ဝန်ဆောင်ခွင့်ယူပြီးနောက် လုပ်ငန်းခွင်ထဲသို့ပြန်မလာနိုင်ခြင်းများကြုံတွေ့နေရသည့်အတွက် အဆိုပါ အမျိုးသမီးဝန်ထမ်းများအဖို့ ခေါင်းဆောင်မှုအရည်အသွေးများ ဆုံးရှုံးနိုင်သကဲ့သို့ ကုမ္ပဏီအတွက်လည်း ဝန်ထမ်းဆုံးရှုံးမှုများရှိနိုင်သည်။

ယခုချမှတ်လိုက်သော မူဝါဒအသစ်မှာ ဇန်နဝါရီလ ၁ ရက်နေ့ ၂၀၁၆မှ စတင်ကာအကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။ တယ်လီနောရုံးများတည်ရှိရာနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသူပေါင်း၃၃,၀၀၀ ကျော်ရှိပြီး၎င်းတို့အနက် ၃၆ ရာခိုင်နှုန်းနီးပါးမှာ အမျိုးသမီးများဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် တယ်လီနော၏ ဝန်ထမ်း ၄၀ ရာခိုင်နှုန်းနီးပါးမှာ အမျိုးသမီးများဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ဒီမီးဖွားခွင့်ကို အခြားနိုင်ငံတွေနဲ့အတူ မြန်မာနိုင်ငံမှာပါပေးနိုင်တဲ့အတွက် အလွန်ကိုဂုဏ်ယူပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့အရည်အသွေးမြင့်တဲ့ အမျိုးသားအမျိုးသမီးဝန်ထမ်းတွေကို အလုပ်အကိုင်ပေးနိုင်ဖို့က ကျွန်တော်တို့ရဲ့ရည်မှန်းချက်ပါ။ အသစ်ချမှတ်လိုက်တဲ့ ဒီမူဝါဒက တယ်လီနောမှာ အလုပ်လုပ်ချင်တဲ့ ကျား၊ မ မရွေးကို ဆွဲဆောင်နိုင်မယ့်အပြင် အမျိုးသမီးတွေအတွက်လည်း သူတို့ရဲ့ သက်ဆိုင်ရာ လုပ်ငန်းခွင်ထဲမှာ ခေါင်းဆောင်မှုပိုင်းအထိ ရောက်ရှိနိုင်အောင် တယ်လီနောမှာ အလုပ်ကြိုးစားနိုင်တယ်ဆိုတာ ယုံကြည်စေချင်ပါတယ်" ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Petter Furber က ပြောကြားခဲ့သည်။




# ဒုတိယအကြိမ်မြောက် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေခြင်း၊ ထုတ်လုပ်ခြင်းနှင့်သန့်စင်ခြင်းဆိုင်ရာပြပွဲ ကျင်းပမည်

နိုင်ငံပေါင်း ၁၅ နိုင်ငံမှ ကုမ္ပဏီပေါင်း ၄၉ ခု ပါဝင်ပြသမည့် ဒုတိယအကြိမ်မြောက်ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေခြင်းထုတ်လုပ်ခြင်းနှင့်သန့်စင်ခြင်းဆိုင်ရာပြပွဲ Oil& Gas 2015 Myanmar အား ၂၀၁၅ အောက်တိုဘာလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့ထိ ရန်ကုန်မြို့ Myanmar Event Park တွင်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါပြပွဲနှင့်ပတ်သက်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်အား စက်တင်ဘာလ ၂၉ ရက်နေ့က UMFCCI ၌ ကျင်းပပြုလုပ်ခဲ့ရာ Myanmar Oil and Gas Service Society ၏ ဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်နှင့် Singapore Exhibition Services ၏ Project Director(Engineering Events) Mr.Chua Buck Cheng တို့မှ ပြပွဲနှင့်ပတ်သက်သောအကြောင်းအရာများကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲ၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ဆောင်မှုလုပ်ငန်းများအဖွဲ့(MOGSS)၏ ဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်မှ မြန်မာနိုင်ငံ၏ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ၂၀၁၅ တွင် အနည်းငယ်နှေးကွေးနေသော်လည်း အနာဂတ်တွင် ပိုမြန်မြန်တိုးတက်လာနိုင်သည်ဟု ယူဆမိကြောင်း ပြောခဲ့သည်။ ၎င်းက ဆက်လက်ပြီး "မြန်မာနိုင်ငံရဲ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဟာကနဦးအဆင့်ပဲရှိနေပါသေးတယ်။ ၂၀၁၄ ခုနှစ် တင်ဒါခေါ်ယူမှုမှာ အောင်မြင်ခဲ့တဲ့ကုမ္ပဏီတွေဖြစ်တဲ့ BG, Petro Brunei, PTT Exploration and Production(PTTEP) နှင့် Shell တို့က သူတို့ရဲ့ seismic surveys တွေကို သိပ်မကြာခင်မှာပဲ စမှာဖြစ်တဲ့အတွက် ပြည်တွင်းကုမ္ပဏီများအနေနဲ့လည်း နည်းပညာဆိုင်ရာ၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာနဲ့ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကြိုတင်ပြင်ဆင်ထားဖို့ လိုအပ်ပါတယ်။ ပြည်တွင်း ရေနံနှင့် သဘာဝ ဓာတ်ငွေ့ပညာရှင်များအနေနဲ့ Oil & Gas Myanmar ပြပွဲ၊ ဟောပြောပွဲများမှ အသုံးဝင်မယ့်ဗဟုသုတနဲ့အဆက်အသွယ်များရရှိလိမ့်မယ်လို့မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့သည်။

အဆိုပါပြပွဲကိုစီစဉ်သည့် Singapore Exhibition Services ၏ Project Director (Engineering Events) ဖြစ်သူ Mr.Chua Buck Cheng မှ "Oil & Gas Myanmar ဟာဒေသတွင်းအသိပညာနှင့်အရည်အချင်းကွာဟမှုများကို ပယ်ဖျက်နိုင်စေဖို့ ဆောင်ရွက်ထားခြင်းဖြစ်ပြီး ပြည်တွင်းမှ ပညာရှင်များအတွက် အသစ်အဆန်း နည်းပညာများ၊ နိုင်ငံတကာမှ နာမည်ကျော် ကုမ္ပဏီကြီးများနှင့်ထိတွေ့ဆက်ဆံနိုင်စေမယ့် တန်ဖိုးမဖြတ်နိုင်တဲ့ ပလက်ဖောင်းတစ်ခုဖြစ်ပါတယ်။ ယခုကဲ့သို့ပွဲကျင်းပခြင်းအားဖြင့် ပြည်တွင်းပြည်ပမှ လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးကျွမ်းဝင်မှုရရှိနိုင်မယ့်အပြင် ဗဟုသုတများလည်း အပြန်အလှန်ဖလှယ်နိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ နိုင်ငံတကာမှ ရေနံနဲ့ သဘာဝဓာတ်ငွေ့ ကုမ္ပဏီကြီးများအတွက် အကျိုးရှိနိုင်မယ်ဆိုတာ သံသယဖြစ်စရာမလိုပါဘူး" ဟုပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ၂၀၁၄ ခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) စုစုပေါင်းအမေရိကန်ဒေါ်လာ ၈ ဘီလီယံ၏ ၄၅ ရာခိုင်နှုန်းကိုရရှိခဲ့သည့်အလျောက် အနာဂတ်တွင်လည်းများစွာဖွံ့ဖြိုးလာရန်ရှိသည်။ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးတိုးတက်မှုဘဏ်တို့၏ အချက်အလက်စုဆောင်းမှုအရ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်အတွင်း GDP တိုးတက်မှု ၈.၅ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုနှစ်တွင် ၈.၃ ရာခိုင်နှုန်း တိုးတက်ရန် ခန့်မှန်းထားသည်။ မြန်မာနိုင်ငံ၏ GDP သည် ၂၀၃၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံအထိ တိုးတက်လာမည်ဟုလည်းခန့်မှန်းထားသည်။



စီးပွားရေးတိုးတက်လာသည်နှင့်အမျှ ရေနံနှင့်သဘာဝဓာတ်ငွေ့လိုအပ်ချက်များလည်း ဆတက်တိုးတက်လာမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံများသည် ၂၀၃၀ ခုနှစ်တွင် ၄,၂၄၇ မီဂါဝပ်အထိထုတ်လုပ်ရန်လိုအပ်လာမည်ဖြစ်သည်။ ရေနံစိမ်းလိုအပ်ချက်သည် တစ်နေ့လျှင် ဗီပါပေါင်း ၃၂,၀၀၀ နှင့် သဘာဝဓာတ်ငွေ့လိုအပ်ချက်သည် တစ်နေ့လျှင် ကုဗပေသန်းပေါင်း ၁,၈၀၀ အထိရှိမည်ဖြစ်သည်။

Oil & Gas 2015 Myanmar ပြပွဲတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေခြင်း၊ ထုတ်လုပ်ခြင်းနှင့် သန့်စင်ခြင်းလုပ်ငန်းများနှင့်ပတ်သက်သော ဆက်သွယ်ရေးနည်းပညာများ၊ အချက်အလက်ရယူမှုဆိုင်ရာ အိုင်တီဝန်ဆောင်မှုများ၊ မြေသားဖောက်ထွင်းမှုနှင့် တူးဖော်ရေးနည်းပညာများ၊ လျှပ်စစ်ဆိုင်ရာ စက်ပစ္စည်းများ၊ ဆောက်လုပ်ရေးဒီဇိုင်းများနှင့် တည်ဆောက်မှုများ၊ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုများ၊ ရှာဖွေမှုတိုးတက်ကောင်းမွန်ရေးစက်ပစ္စည်းများနှင့် နည်းပညာများ၊ ကိရိယာဖန်တီးပြုလုပ်ခြင်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာနည်းပညာများ၊ ဓာတ်သတ္တုဖော်ရေးနည်းပညာများ၊ လုံခြုံရေးနှင့်ညစ်ညမ်းမှုထိန်းချုပ်မှုများ၊ ငလျင်အချက်အလက်ရယူခြင်းများ၊ လေ့လာရေးစက်ပစ္စည်းများနှင့် နည်းပညာများစသည်တို့ကိုလေ့လာနိုင်သလို ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့်လည်း မိမိနိုင်ငံတော်နှင့် အဖွဲ့အစည်းများအတွက်ကိုက်ညီမည့် နိုင်ငံတကာလောင်စာဆီနှင့် သဘာဝဓာတ်ငွေ့ ရောင်းဝယ်ဖောက်ကားသူများနှင့်မိတ်ဆက်ကာ စီးပွားရေးအခွင့်အလမ်းများ ရှာဖွေနိုင်မည်ဖြစ်သည်။ အဆိုပါပြပွဲသို့ သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းရှင်များ တက်ရောက်လေ့လာနိုင်ပြီး www.ogmyanmar.com ဝင်ရောက်၍ အောက်တိုဘာလ ၂ ရက်နေ့မတိုင်မီကြိုတင် မှတ်ပုံတင်ထားရမည်ဖြစ်သည်။






# ကျော့ရှင်းလှပတဲ့ ကိုယ်ထည်ဒီဇိုင်း၊ စွမ်းဆောင်ရည်မြင့် အစိတ်အပိုင်းတွေနဲ့ Huawei G7 Plus

လက်ရှိအချိန်မှာ စမတ်ဖုန်းတွေအတွက် SoC ထုတ်ပေးတဲ့ ကုမ္ပဏီတွေ အမြောက်အများရှိပေမယ့် Qualcomm ရဲ့ Snapdragon ချစ်ပ်တွေကို အမီလိုက်နိုင်တဲ့ ကုမ္ပဏီမျိုး မရှိသေးပါဘူး။ အမြန်နှုန်းအပိုင်းမှာ သာလွန်အောင် စွမ်းဆောင်ကောင်းစွမ်းဆောင်နိုင်ပေမယ့် အညှော်အငွေ့နဲ့ ရေရှည်အသုံးပြုနိုင်စွမ်းမှာ Snapdragon တွေက အမြဲတမ်း တစ်ပမ်းသာပါတယ်။ စမတ်ဖုန်းအများစုကို ဈေးနှုန်းချိုချိုနဲ့ ထုတ်ပေးနေတဲ့ Huawei က IFA 2015 မှာ Snapdragon 615 ချစ်ပ်သုံးထားတဲ့ G7 Plus ကို မိတ်ဆက်ခဲ့ပါတယ် – တချို့နိုင်ငံတွေမှာ G7 Plus ကို G8 လို့လည်း ခေါ်ကြတယ်။

Huawei က သူ့ရဲ့ တန်းမြင့်ဖုန်းတွေမှာတောင် HiSilicon ရဲ့ Kirin ချစ်ပ်တွေကိုပဲ သုံးလေ့ရှိတာကြောင့် G7 Plus မှာ Snapdragon ချစ်ပ်ကို သုံးထားတာက တစ်မျိုးတစ်ဖုံ ထူးခြားနေပါတယ်။ ဒီဇိုင်းပိုင်းကို ကြည့်တဲ့အခါ မော်ဒယ်ဟောင်း G7 ထက် သိသိသာသာ ပိုလန်းလာပြီး ပိုမိုကျော့ရှင်းတဲ့ သတ္တုကိုယ်ထည်နဲ့ ဖန်တီးပေးထားတယ်။ စခရင်မ်ကိုလည်း HTC Butterfly နဲ့ iPhone 6 စီးရီးတွေလို ဖောင်းကြွပေးထားပါတယ်။ ဒီဖောင်းကြွမှုအတွက် 2.5D စခရင်မ်လို့ Huawei က နာမည်ပေးထားပြီး စခရင်မ်ရဲ့အကျယ်က 5.5" နဲ့ Resolution က 1080x1920p (~401ppi) ရှိတယ်။ နောက်ထပ် ထူးခြားတာက ကိုယ်ထည်အနောက်ဖက် ကင်မရာမှန်ဘီလူးအောက်မှာ Fingerprint Sensor ပါဝင်တာပါ။

Fingrprint Sensor က ဖုန်းအဝင်ဖြေဆိုတာ၊ ဓာတ်ပုံရိုက်ကူးတာနဲ့ Alarm ပိတ်တာမျိုး လုပ်ဆောင်ချက်တွေကို 0.5sec အတွင်း လုပ်ဆောင်ပေးနိုင်တယ်လို့ ဆိုထားပြီး လက်စိုနေသည်ဖြစ်စေ၊ ခြောက်နေသည်ဖြစ်စေ အသုံးပြုလို့ ရပါတယ်။ ဒါ့အပြင် G7 Plus မှာပါတဲ့ Fingerprint Sensor က Mate 7 မှာပါခဲ့တဲ့ Sensor ထက် နှစ်ဆပိုတိကျပြီး Sensor ပေါ်ကို ပွတ်ဆွဲရုံနဲ့ ဖုန်းကို Lock ဖြည်စရာမလိုဘဲ Notification တွေကို ကြည့်လို့ရပါတယ်။ Daul SIM အထောက်အပံ့ပါဝင်ပြီး အရောင်အတွက် Space Grey, Mystic Champagne, Horizontal Gold – သုံးမျိုး ရွေးချယ်နိုင်တယ်။

G7 Plus မှာ သုံးထားတဲ့ Snapdragon 615 ချစ်ပ်မှာ Octa-core 1.5GHz CPU နဲ့ Adreno 405 GPU တို့ ပါဝင်ပြီး RAM ပမာဏ 2GB, Storage ပမာဏ 16GB နဲ့ တွဲဖက်ပေးထားတယ်။ Storage တိုးချဲ့ဖို့အတွက် microSD Slot ထည့်ပေးထားပေမယ့် လက်တွေ့မစမ်းရသေးတာကြောင့် သီးခြား






ထည့်ပေး ထားတာလား၊ SIM 2 Slot ကို သုံးနိုင်းမှာလားဆိုတာကိုတော့ မသိရသေးပါဘူး။ ဟာ့ဒ်ဝဲ Spec တွေအရပြောရရင် G7 Plus က တန်းလတ်ဖုန်းတစ်လုံးဖြစ်ပြီး စွမ်းဆောင်ရည်လည်း ကောင်းမွန်မှာ သေချာသလောက်ရှိပါတယ်။

G7 Plus ရဲ့ ကျောဖက်မှာ 13MP ကင်မရာပါဝင်ပြီး ရိုက်ကူးနေချိန်မှာ လက်တုန်ခါမှုကြောင့် ပုံရိပ်မဝေဝါးစေဖို့ OIS (Optical Image Stabilisation) စနစ်နဲ့ အားဖြည့်ပေးထားတယ်။ အရှေ့ဖက်မှာတော့ 5MP Selfie ကင်မရာ ပါဝင်ပါတယ်။ တွဲဖက်သုံးရတဲ့ ကင်မရာ App က အသုံးပြုသူရဲ့ မျက်နှာကို မှတ်မိသိရှိပြီး Selfie တွေရိုက်တဲ့အခါ Beautifying Effect နဲ့ အလိုအလျောက် ပြင်ဆင်ပေးနိုင်စွမ်း ရှိတယ်။ ဒါ့အပြင် Selfie သမားတွေအကြိုက် Makeup Effect နဲ့ Filter တွေလည်း တစ်ပုံတစ်ပင် ထည့်ပေးထားပါတယ်။

မိုဘိုင်းကွန်ရက်ချိတ်ဆက်မှုတွေအတွက် G7 Plus မှာ Dual Antenna ပါဝင်ပြီး လိုင်းဆွဲအားကောင်းမွန်အောင် စီမံပေးထားတယ်လို့လည်း ဆိုထားပါတယ်။ ဒါ့အပြင် ဖုန်းပြောနေစဉ်မှာ Digital Noise တွေကြောင့် အသံမပြတ်သားမှုတွေကို လျှော့ချပေးနိုင်စွမ်းရှိပြီး ပတ်ဝန်းကျင်မှာရှိတဲ့ ဆူညံသံအနေအထားအလိုက် (ဖုန်းပြောနေစဉ်မှာ) အသံအတိုးအကျယ်လုပ်ပေး နိုင်တဲ့ Feature တွေလည်း ပါဝင်တယ်။ ဒီလို Feature တွေကို Mate 7 မှာ စတွေ့ခဲ့ပြီး လက်တွေ့စမ်းသပ်ကြည့်တဲ့အခါ ဆိုထားတဲ့အတိုင်း တကယ်အလုပ်ဖြစ်တာကြောင့် G7 Plus မှာလည်း အဆင်ပြေမယ်လို့ ကြိုတင်ခန့်မှန်းနိုင်တယ်။

Huawei က G7 Plus ကို အောက်တိုဘာလ အစောပိုင်းမှာ ပြည်တွင်းဈေးကွက်ထဲ ဖြန့်ချိပေးမယ်လို့ ဆိုထားပါတယ်။ တစ်ခုရှိတာက ပြည်တွင်းဈေးကွက်မှာ G7 Plus ဟာ Fingerprint Sensor ပါဝင်တဲ့ ပထမဆုံး တန်းမြင့်ဖုန်းတော့ မဟုတ်ပါဘူး။ G7 Plus ရင်ဆိုင်ရမယ့် ပြိုင်ဖက်ကြီး Meizu MX5 ရှိနေပါသေးတယ်။ ဘယ်လိုပဲပြောပြော Snapdragon 615 နဲ့ လှပသပ်ရပ်တဲ့ ဒီဇိုင်းသွင်ပြင်တွေက G7 Plus ကို အောင်မြင်မှုသရဖူဆောင်းစေနိုင်မှာ သေချာပါတယ်။

{Tech Spec}

| | |
|---|---|
| SoC | Qualcomm MSM8939 Snapdragon 615 |
| CPU | Octa Core 1.5GHz |
| GPU | Adreno 405 |
| RAM | 2GB |
| Storage | 16GB (microSD up to 128GB) |
| Camera | 13MP (Primary), 5MP (Front) |
| Battery | Li-Ion 3,000 mAh |
| SIM | Dual SIM (Nano-SIM, Dual Standby) |
| Dimensions | 152.5mm x 76.5mm x 7.5mm |
| Weight | 167g |

# HTC Desire 826 Dual SIM နှင့် ခုနစ်ရက်တာ ဖြတ်သန်းခြင်း




**Day 1** HTC က ၂၀၁၅ နှစ်ဦးပိုင်းမှာ မိတ်ဆက်ခဲ့တဲ့ Desire 826 ကို လွန်ခဲ့တဲ့ မတ်လမှာ ဈေးကွက်ထဲဝင်ခဲ့ပေမယ့် ပြည်တွင်းမှာရနိုင်တာက အချိန်သိပ်မကြာသေးပါဘူး။ TechSpace ဂျာနယ်ရုံးခန်းကို စမ်းသပ်စဖို့ရောက်လာတဲ့တစ်မျိုးက အဖြူရောင်ကိုယ်ထည်မှာ အညိုရောင်ဘောင်ပတ်လည်ပါဝင်တယ်၊ နောက်ထပ် အပြာရင့်ရောင်ကိုယ်ထည်မှာ အပြာနုရောင်ဘောင်ပါ တဲ့တစ်မျိုးလည်း ရှိပါသေးတယ်။ အဖြူနဲ့အပြာက အရောင်ကွဲပြားမှုရှိသလို ကျောဖက်အသား ဖန်တီးထားပုံကလည်းကွဲပြားတယ်။ အဖြူရောင်ဟန်းဆက်ရဲ့ကျောဖက်အသားက ချောမွေ့ပြီး အပြာနုရောင်က ကြမ်းရှရှဖြစ်နေပါတယ်။ စပီကာတွေကို ကိုယ်ထည်ရှေ့ခြမ်းမှာ နေရာချပေးထားပေမယ့် စခရင်မ်ရဲ့ အပေါ်နဲ့အောက်မှာကွယ်ဝှက်ပေးထားတာကြောင့် HTC နောက်ပိုင်းသုံးနေတဲ့ဒီဇိုင်းတွေကနေ အနည်းငယ်ခွဲထွက်နေတာကို သတိထားမိပါတယ်၊ ကိုယ်ထည်ဖန်တီးထားပုံအရည်အသွေးက တန်းလတ်ဖုန်းတစ်လုံးအတွက် သာမန်ပါပဲ။

ပါဝါခလုတ်ကိုပေါ်ကြာကြာဖိလိုက်တဲ့အခါ ထောင့်ဖြတ်အကျယ် 5.5" ရှိတဲ့ Full HD စခရင်မ်က အသက်ဝင်လာပါတယ်။ စခရင်မ်က ရုပ်ထွက်ကောင်းပြီး ပြည်တွင်းမှာ အသုံးပြုရအဆင်ပြေစေဖို့ မြန်မာစာဇနစ်အတွက် ဇော်ဂျီရော ယူနီကုတ်ကိုပါ ထောက်ပံ့ပေးထားတာတွေရတယ်။ System Font အတွက် ယူနီကုတ်ကို ရွေးပေးထားရင် Facebook မှာ ဇော်ဂျီနဲ့ရေးထားတဲ့ ပို့စ်တွေကို ပုံမှန်အတိုင်း မဖော်ပြပေးနိုင်ပါဘူး။ Desire 826 မှာ စမတ်ကျတဲ့ Dot View ကာဗာအတွက် အထောက်အပံ့ထည့်ပေးထားပေမယ့် M8 နဲ့ M9 တို့လို စခရင်မ်ကို နှစ်ချက်ပုတ်နိုးလို့ရတဲ့ Feature မျိုး မပါဝင်သလို UI အတွက် Sense 6.0 ကိုပဲသုံးထားတာကြောင့် Nav Button တွေကို စိတ်ကြိုက်ပြောင်းလဲလို့ မရပြန်ပါဘူး။

**Day 2** Desire 826 ရဲ့စွမ်းဆောင်ရည်ကို AnTuTu, GeekBench စတဲ့ App တွေနဲ့ တိုက်ဆိုင်စစ်ဆေးကြည့်ပါတယ်၊ ရမှတ်တွေက AnTuTu မှာ 33,609 ရှိပြီး GeekBench 3 မှာ 715 (Single-core) နဲ့ 2716 (Multi-core) ရပါတယ်။ Desire 826 မှာ Quad-core 1.7 GHz & Quad-core 1.0 CPU နဲ့ Adreno 405 GPU တို့ပါဝင်တဲ့ Snapdragon 615 SoC ကို သုံးထားပြီး RAM 2GB, Storage 16GB ထည့်ပေးထားတယ် – စွမ်းဆောင်ရည်အတွက်ရထားတဲ့အမှတ်တွေက ပြိုင်ဖက်တန်းမြင့်ဖုန်းတွေကို အမီလိုက်နိုင်စွမ်းရှိတယ်။ တစ်ခုရှိတာက Snapdragon 615 ဟာ 64-bit ချစ်ပ်ဖြစ်ပေမယ့် AnTuTu မှာ 64-bit Mode နဲ့ စမ်းလို့မရပါဘူး။ 32-bit Mode နဲ့ပဲ စမ်းလို့ရပါတယ် – AnTuTu ရမှတ်က 32-bit ရမှတ်ပါ။

**Day 3** Desire 826 မှာအသံထွက်ကောင်းတဲ့ စပီကာတွေနဲ့ Full HD စခရင်မ်တို့ ပါဝင်တာကြောင့် 1080p ဗီဒီယိုတွေကြည့်ဖို့ ဖုန်းရဲ့ Storage ထဲကိုဖိုင်တွေ ကူးထည့်ပါတယ်၊ Storage 16GB ထည့်ပေးထားတယ်ဆိုပေမယ့် 9.25GB ပဲနေရာလွတ်ရမှာဖြစ်ပြီး App တွေတင်ထားတဲ့အခါ သီချင်းနဲ့ ဗီဒီယိုလို Multimedia ဖိုင်တွေကိုအများကြီးထည့်လို့ မရတော့ပါဘူး။ ပစ်ဇယ်သိပ်သည်းဆ ~401ppi ရှိတဲ့ စခရင်မ်က Full HD ဗီဒီယိုတွေကို အဆင်ပြေပြေလှလှပပဖော်ပြပေးနိုင်ပြီး စခရင်မ်ရဲ့အပေါ်ဖက်နဲ့ အောက်ဖက်တွေမှာနေရာချထားတဲ့ စပီကာတွေကလည်း အားအင်ပြည့်ဝတဲ့ စတီရီယိုအသံတွေကို ထုတ်ပေးနိုင်တယ်။ ဒါပေမယ့် နားကြပ်တပ်ပြီး သီချင်းနားထောင်တဲ့အခါ Desire 826 ရဲ့ အသံထွက်က M8 နဲ့ M9 လိုတန်းမြင့်ဖုန်းတွေကို မမီပါဘူး – တန်းလတ်ဖုန်းဆိုတော့ ဒီလောက်ပဲ ရှိမှာပေါ့လေ။

**Day 4** အင်တာနက် ချိတ်ဆက်ထားစဉ်မှာ System Update တက်လာတာကြောင့် Update လုပ်ကြည့်ပါတယ်။ System Update လုပ်ပြီးချိန်မှာ UI ကို လိုသလိုပြောင်းလဲနိုင်တဲ့ Theme App ကို သုံးလို့ရလာတယ်။ Theme App က Sense 7.0 နဲ့ တွဲဖက်ရင် ပိုလန်းပေမယ့် Sense 6.0 ပဲရသေးတဲ့ Desire 826 မှာလည်း Icon နဲ့ Theme တွေကို အတိုင်းအတာတစ်ခုအထိ ပြောင်းလဲပေးနိုင်သလို ကိုယ်တိုင်ကိုယ်ကျလည်း ဖန်တီးနိုင်အောင် ကူညီပေးနိုင်ပါတယ်။ Wallpaper, Icon Pack, Theme, Font စတာတွေကို စိတ်ကြိုက်ဒေါင်းပြီး ပြောင်းလဲနိုင်တာကြောင့် ဖုန်းရဲ့ရုပ်ထွက်ကို မကြာခဏပြောင်းလိုသူတွေ သဘောကျပါလိမ့်မယ်။

**Day 5** Desire 826 မှာပါဝင်တဲ့ BlinkFeed က Desire 820G မှာပါတဲ့တစ်မျိုးထက် ပိုပြီး Feature စုံလင်ပါတယ်။ နည်းပညာပိုင်းနဲ့ ပတ်သက်ပြီး အင်တာနက်ဂျာနယ်လိုပြည်တွင်းသတင်းရင်းမြစ်တွေရဲ့ Feed ကိုဖော်ပြပေးနိုင်သလို The Verge လိုပြည်ပကအထင်ကရဝက်ဘ်ဆိုက်တွေရဲ့ Feed တွေကိုလည်း ဖော်ပြပေးနိုင်တယ်၊ စမတ်ဖုန်းကတစ်ဆင့် သတင်းဖတ်လိုသူတွေအတွက် 7Day Daily, The Voice Daily နဲ့ The Irrawaddy လိုပြည်တွင်းသတင်းရင်းမြစ်တွေကိုလည်း ရွေးချယ်ခွင့်ပြုထားတယ်။

**Day 6** 5.5" အရွယ် Full HD စခရင်မ်ကြီးပါဝင်ပေမယ့် ပါဝါပိုင်းအတွက် Li-Po 2,600mAh ဘက်ထရီကိုသာထည့်ပေးထားတဲ့အတွက် Desire 826 ကို တစ်နေ့တစ်ကြိမ် ချာဂျင်ပုံမှန်ပြန်သွင်းပေးဖို့လိုပါတယ်။ System Update မလုပ်ခင်က ဘက်ထရီအကုန်ပိုမြန်ပြီး Update လုပ်ပြီးချိန်မှာ အချိန်အနည်းငယ်ပိုအသုံးခံလာတာကို တွေ့ရတယ်။ ကင်မရာပိုင်းအတွက် အရှေ့အနောက် – နှစ်ဖက်စလုံးမှာ 13MP ကင်မရာတွေ ထည့်ပေးထားပြီး ပေါင်ကောင်းအတွက် ထုတ်ပေးတဲ့ မော်ဒယ်မှာတော့ 4MP UltraPixel အရှေ့ဖက်ကင်မရာပါဝင်တယ်လို့ သိရတယ်။ ကျောဖက်ကင်မရာရဲ့ရုပ်ထွက်က ပုံမှန်ပဲလို့ဆိုရပေမယ့် အမှောင်များတဲ့နေရာမှာ Flash မီးသုံးပြီး ရိုက်တဲ့အခါ သဘာဝကျတဲ့ ပုံရိပ်တွေကို ရယူပေးနိုင်ပြီး 13MP အရှေ့ဖက်ကင်မရာကတော့ Selfie သမားတွေအတွက် ဘဝင်ကျစရာ Feature တစ်ခုဖြစ်နေမှာ သေချာပါတယ်။

**Day 7** KMD မှာ Desire 826 Dual SIM ကို မြန်မာကျပ် ၃၉၉,၀၀၀ နဲ့ ဝယ်ယူနိုင်ပါတယ်၊ ဒီဟန်းဆက်မတိုင်ခင် ဈေးကွက်ထဲရောက်လာတဲ့ Desire 820G ကိုတော့ အရင်က မြန်မာကျပ် ၃၅၉,၀၀၀ နဲ့ ရောင်းနေပေမယ့် Desire 826 Dual SIM ကြောင့် ၂၉၀,၀၀၀ အထိ ဈေးလျှော့ချလိုက်တယ်လို့ ဆိုထားတယ်။ Desire 820G နဲ့ ယှဉ်ရင်တော့ Desire 826 က အ‌ဆော်လေးကို သာလွန်ကောင်းမွန်တာကို တွေ့ရပါတယ်။ HTC Brand ကိုသဘောကျပြီး တန်းလတ်ဖုန်းကောင်းကောင်းလိုချင်သူတွေအတွက် Desire 826 Dual SIM က ရွေးချယ်စရာကောင်းတစ်ခုပါ။




{Tech Specs}

| | |
|---|---|
| SoC | Qualcomm MSM8939 Snapdragon 615 |
| CPU | Quad-core 1.7 GHz Cortex-A53 & core 1.0 GHz Cortex-A53 |
| GPU | Adreno 405 |
| RAM | 2GB |
| Storage | 16GB (microSD up to 128GB) |
| Camera | 13MP (Primary), 13MP (Front) |
| Battery | Li-Po 2,600 mAh |
| SIM | Dual-SIM (Nano-SIM, Dual Stand-by) |
| Dimensions | 6.22" x 3.05" x 0.31" |
| Weight | 183g |

# Photo Locker ဖြင့် စမတ်ဖုန်းထဲမှပုံရိပ်များကို ကွယ်ဝှက်ခြင်း

နေ့စဉ်ဘဝဖြတ်သန်းမှုအတွက် မရှိမဖြစ်ကိရိယာတစ်ခုလိုဖြစ်လာတဲ့ စမတ်ဖုန်းတွေကို လူတချို့က ကင်မရာတွေအစား အသုံးပြုကြပြီး တချို့ကတော့ GPS အနေနဲ့ အသုံးချကြတယ်။ လက်ပ်တော့နဲ့ ပီစီလို ကွန်ပျူတာတွေနေရာမှာ အစားထိုး အသုံးပြုကြတာလည်း ရှိပါတယ်။ ဒါပေမယ့် စမတ်ဖုန်းတွေထဲမှာ ကိုယ်ရေးကိုယ်တာအချက်အလက်တွေလည်း အများဆုံး ရှိနိုင်တာကြောင့် တခြားလူတွေသိစေချင်တဲ့ အချက်အလက်တွေကို စနစ်တကျ ကာကွယ်ထားဖို့တော့ လိုတယ်။ ဒီအတွက် လူအများစုက ဖုန်းမှာပါတဲ့ Pattern Lock (သို့) Pass Code လိုမျိုးကို သုံးတတ်ကြတယ်။

Pattern Lock နဲ့ Pass Code တွေက ဖုန်းရဲ့ Content တွေကို တခြားလူတွေမမြင်ရအောင် ကာကွယ်ပေးနိုင်ပေမယ့် ရင်းနှီးတဲ့သူတွေနဲ့ ပတ်သက်လာတဲ့အခါ ဒီလုံခြုံရေးနည်းတွေကိုလည်း ဖွင့်ပေးဖို့ ဒါမှမဟုတ် ပြောပြဖို့ လိုလာပြန်တယ်။ ဒီတော့ ရင်းနှီးသူတွေတောင် မသိစေ ချင်တဲ့ အချက်အလက်တွေကို ဘယ်လို ကွယ်ဝှက်ထားမလဲ? Encrypt/Decrypt App တွေနဲ့ ကွယ်ဝှက်ထားလို့ ရပါတယ်။ ဒီကျူတိုရီရယ်မှာ Play Store ကတစ်ဆင့် အခမဲ့ဒေါင်းလုတ်ယူနိုင်တဲ့ Photo Locker ကို အသုံးချပြီး ဓာတ်ပုံတွေကို ဘယ်လိုဝှက်ထားနိုင်တယ်ဆိုတာ ဖော်ပြပေးမှာပါ။







1 ပထမဆုံး QR ကုတ်ကို Scan လုပ်ပြီး (သို့) Play Store မှာ Photo Locker Hide Photo လို့ ရိုက်ရှာပြီး App ကို ဖုန်းထဲ ထည့်သွင်းထားပါ။ App ကို တစ်ချက်တို့ပြီးဖွင့်လိုက်တဲ့အခါ Welcome စရင်မ်ကို မြင်ရပါလိမ့်မယ်။ Welcome စရင်မ်ရဲ့နောက်ဆုံးအထိသွားပြီး Start ကို တစ် ချက်တို့ပါ။ အဲဒီအခါ Security Lock အတွက် ရွေးချယ်စရာသုံးခုကို ဖော်ပြပေးမှာဖြစ်ပြီး စာဖတ်သူသဘောကျတဲ့တစ်မျိုးကို ရွေးချယ်နိုင်ပါတယ်။ ကျွန်တော်ကတော့ Pattern ကို ရွေးချယ်လိုက်ပါတယ်။ Pattern သတ်မှတ်ပေးရတာက စမတ်ဖုန်းရဲ့ Pattern Lock နဲ့ တူညီပြီး နှစ်ကြိမ်တိတိ ပြန်ဆွဲပေးရတယ်။ Pattern ကို Confirm လုပ်လိုက်တဲ့အခါ ပုံမှာပြထားသလို Decoy Pattern သတ်မှတ်ဦးမှာလားဆိုတဲ့ မေးခွန်း မေးလာပါလိမ့်မယ်။ ဆိုလိုတာက အယောင်ဆောင် Pattern သတ်မှတ်မလားလို့ မေးတာပါ။ Yes ကို တို့လိုက်ရင် နောက်ထပ် Pattern Lock ကို ပြန်ဆွဲနိုင်မှာဖြစ်ပြီး ဒီ Pattern က အရင်ဆွဲခဲ့တဲ့ Pattern နဲ့ တူလို့ မရပါဘူး။ သူငယ်ချင်းတွေက Photo Locker ရဲ့ Pattern ကို အတင်းဖြည်နိုင်ရင် ဒီအယောင်ဆောင် Pattern နဲ့ ဖြည်ပြနိုင်ပါတယ်။ မှတ်သားထားရမှာတစ်ခုက စာဖတ်သူ ပထမဆုံး သတ်မှတ်ထားတဲ့ Pattern (သို့) PIN (သို့) Password ကိုသုံးမှသာ App ကို ဖွင့်လို့ရတာပါ။

2 နောက်ဆုံးအဆင့်အနေနဲ့ Pattern (သို့) PIN (သို့) Password မေ့သွားရင် ပြန်ဖြည်နိုင်စေဖို့ Email တောင်းပါလိမ့်မယ်။ အကောင်းဆုံးက ဖုန်းကို အင်တာနက်ဖွင့်ပြီး Email ထည့်ပေးလိုက်တာပါ။ ဒါမှသာ နောက်ပိုင်း Password မေ့တာမျိုးဖြစ်လာရင် Email ကတစ်ဆင့် ပြန် ဖြည်နိုင်ပါလိမ့်မယ်။ လုံခြုံရေးအစီအမံတွေ သတ်မှတ်ပြီးတဲ့အခါ ဓာတ်ပုံတွေကို စမ်းသိမ်းကြည့်ပါမယ်။ Photo Locker App ထဲမှာ ပုံရိပ်တွေကို Album ဖန်တီးပြီး သိမ်းနိုင်သလို အပြင်က Album တစ်ခုလုံးကို လည်း ယူသိမ်းနိုင်တယ်။ App ထဲမှတော့ My Album ဆိုတဲ့ Album ကို ပုံသေအနေနဲ့ တွေ့ရပါလိမ့်မယ်။ Album View မှာရှိနေချိန် စရင်မ် အောက်ထောင့်က အစိမ်းရောင် + Icon လေးကို တို့လိုက်ရင် Album အသစ်တွေ ဖန်တီးနိုင်မှာဖြစ်ပြီး ပုံမှာ Encrypted Album ဆိုတဲ့ Album ကို ဖန်တီးပြထားပါတယ်။







3 အသစ်ဖန်တီးထားတဲ့ Encrypted Album ထဲကိုဝင်ပြီး အစိမ်းရောင် + Icon လေးကို ထပ်တို့လိုက်တဲ့အခါ ပုံမှာပြထားသလို နောက်ထပ် Icon လေးသုံးခု ပေါ်လာပါလိမ့်မယ်။ အလယ်မှာရှိတဲ့ Icon လေးကို တို့လိုက်ရင် ဖုန်းထဲမှာရှိသမျှ ပုံရိပ် Album တွေကို ဖော်ပြပေးမှာဖြစ်ပြီး အဲဒီအချိန်မှာ ရွေးချယ်မှုတွေလုပ်လို့ Import ကို တို့လိုက်ရင် Album အလိုက် သိမ်းသွားပါလိမ့်မယ်။ ဖုန်းထဲမှာရှိတဲ့ Album တစ်ခုထဲက တချို့ ပုံရိပ်တွေကိုပဲ သိမ်းချင်တယ်ဆိုရင် Album တွေကို မရွေးဘဲ (အမှန်ခြစ်ပြီး Import ကို မတို့ဘဲ) ပုံရိပ်ရှိတဲ့ Album ထဲ ကိုဝင်ပါ။ ပြီးရင် သိမ်းလိုတဲ့ ပုံရိပ်ကို အမှန်လိုက် ခြစ်ပေးပါ။ ပုံမှာ ပုံရိပ်ငါးခုကို ရွေးချယ် ပြထားပါ တယ်။ ရွေးချယ်ပြီးလို့ Import ကို တို့လိုက်တဲ့အခါ ပုံရိပ်ငါးခုက Encrypted Album ထဲကို ရောက်သွား ပါလိမ့်မယ်။




4 Encrypted Album ထဲဝင်ကြည့်ရင် အစောပိုင်းက ရွေးချယ်ခဲ့တဲ့ ပုံရိပ်ငါးခုကို တွေ့ရမှာဖြစ်ပြီး ဖုန်းရဲ့ပုံမှန် Gallery App ကတစ်ဆင့်ကြည့် ရင် ပုံရိပ်တွေကို တွေ့ရတော့မှာမဟုတ်ပါဘူး။ ပုံရိပ်တွေကို ဝှက်ထားလိုက်ပြီလို့ ဆိုလိုပါတယ်။ တကယ်လို့ ပုံရိပ်တွေကို သူ့နေရာသူ ပြန်ပို့ချင်တယ်ဆိုရင် Encrypted Album ထဲဝင်ပြီး ပုံရိပ်တစ်ခုကို ခပ်ကြာကြာ ဖိထားပါ။ နောက်ထပ်ပုံရိပ်တွေကို ရွေးချယ်ခွင့်ပေးပါလိမ့်မယ်။ ရွေးချယ်ပြီးတဲ့အခါ အပေါ်မှာရှိတဲ့ မျက်လုံးပုံ Icon ကို တို့လိုက်ရင် ပုံရိပ်တွေက အရင်ရှိခဲ့တဲ့ Album ဆီကို ပြန်ရောက်သွားပါလိမ့်မယ် – တခြား သူတွေက Gallery App ကနေ ပြန်မြင်ရပါလိမ့်မယ်။



Photo Locker App ရဲ့ Setting တွေကိုတော့ ကိုယ်တိုင်ကိုယ်ကျပဲ ဝင်လေ့လာကြည့်ပါ။




# Xiaomi Mi 4i Vs Vivo V1

**တရုတ်နိုင်ငံရဲ့ Apple လို့ တင်စားခံထားရတဲ့ Xiaomi က Mi 4i ကို လွန်ခဲ့တဲ့ မေလက ထုတ်ပေးခဲ့တာဖြစ်ပြီး Vivo ရဲ့ V1 ကတော့ လွန်ခဲ့တဲ့ ဇူလိုင်လမှာ ဈေးကွက်ထဲရောက်လာခဲ့ပါတယ်။ တန်းလတ်ဖုန်းတွေအနေနဲ့ ပေါ်ထွက်လာခဲ့တဲ့ ဒီဟန်းဆက်နှစ်မျိုးက ဈေးနှုန်းချင်း သိသိသာသာ မကွာတာကြောင့် စာဖတ်ပရိသတ်ကြီးရဲ့ ရွေးချယ်မှုအတွက် ဘယ်တစ်မျိုးက ပိုကောင်းသလဲဆိုတာ ခင်းစစ်ကြည့်ချင်လိုလာ တယ်။**

## ကိုယ်ထည်ဒီဇိုင်း

ဒီဟန်းဆက်နှစ်မျိုးစလုံးရဲ့ဒီဇိုင်းက မျိုးရိုးလိုက်ပါတယ် - ဆိုလိုတာက Mi 4i က တခြား Xiaomi ဖုန်းတွေနဲ့ ဆင်တူပြီး V1 က Vivo ရဲ့ တခြားဖုန်းတွေနဲ့ ဆင်တူတယ်။ ဟန်းဆက်နှစ်မျိုးစလုံးမှာ တူညီတဲ့ 5.0" အရွယ် စခရင်မ်တွေပါဝင်ပေမယ့် V1 က Mi 4i ထက် မသိမသာ ပိုကြီးသလို အလေးချိန်လည်း ပိုများပါတယ်။ ဒါပေမယ့် Vivo ဟန်းဆက်က Xiaomi ဟန်းဆက်ထက် သိသိသာသာ ပိုပါးတယ်။

ကိုယ်ထည်ဖန်တီးတည်ဆောက်ထားပုံကိုကြည့်ရင် V1 က ပိုမိုတောင့်တင်းမှုရှိတယ်လို့ခံစားရသလို စခရင်မ်ကိုလည်း Gorilla Glass 3 နဲ့ ကာကွယ်ပေးထားတယ်။ Mi 4i ရဲ့ကိုယ်ထည်က ( ပလတ်စတစ်တွေနဲ့ပဲ တည်ဆောက်ထားတာကြောင့် ) ပလတ်စတစ်ပိုဆန်ပြီး V1 နဲ့ အလားတူစွာ မျက်နှာပြင်ကို Gorilla Glass နဲ့ ကာကွယ်ပေးထားပါတယ်။ ဒီဟန်းဆက်နှစ်မျိုးစလုံးမှာ Dual SIM အထောက်အပံ့ပါဝင်ပြီး Micro SIM နှစ်ခုစီ ထည့်သုံးနိုင်တယ်။ အပြင်ပန်းဒီဇိုင်းကို ခြုံငုံသုံးသပ်ရင် Vivo ရဲ့ V1 က Xiaomi ရဲ့ Mi 4i ထက်အပြတ်အသတ်သာတယ်လို့ ဆိုနိုင်တယ်။

## စွမ်းဆောင်ရည်

ဒီဇိုင်းပိုင်းမှာ အရေးနိမ့်ခဲ့တဲ့ Mi 4i က စွမ်းဆောင်ရည်ပိုင်းမှာ V1 ကို အပြတ်အသတ်ပြန်ကျော်သွားပါတယ်။ Mi 4i မှာ Snapdragon 615 (Quad-core 1.7 GHz & Quad-core 1.0 GHz CPU + Adreno 405 GPU) ချစ်ပ်ပါဝင်ပြီး RAM 2GB နဲ့ Storage 16/32GB ထည့်သွင်းပေးထားတယ်။ V1 မှာတော့ Snapdragon 410 (Quad-core 1.2 GHz + Adreno 306 GPU) ချစ်ပ်၊ RAM ပမာဏ 2GB နဲ့ Storage ပမာဏ 16GB ထည့်ပေးထားတယ်။ RAM ပမာဏနဲ့ Storage ပမာဏတို့မှာ တူညီမှုတွေ ရှိနေပေမယ့် SoC ချင်း ယှဉ်တဲ့အခါ (AnTuTu ကိုတောင် အားကိုးဖို့ မလိုဘဲ) Octa-core ချစ်ပ်က Quad-core ချစ်ပ်ထက် ပိုစွမ်းတာကြောင့် စွမ်းဆောင်ရည်ပိုင်းမှာ Mi 4i က ခြေတစ်လှမ်းသာသွားပါတယ်။ Storage တိုးချဲ့မှုအပိုင်းမှာတော့ V1 က တစ်ပမ်းသာတယ် - သူ့မှာ microSD Slot ပါဝင်ပြီး 128GB အထိ ဆက်လက်တိုးမြှင့်နိုင်တာကြောင့်ပါ။ Mi 4i မှာတော့ microSD Slot မပါဝင်ပါဘူး။

ဒါ့အပြင် Mi 4i စခရင်မ်ရဲ့ Resolution က V1 စခရင်မ်ထက် ပိုများတာကြောင့် ရုပ်ထွက်ပိုင်းမှာလည်း Mi 4i က တစ်ပမ်းသာသွားပြန်တယ်။ V1 ရဲ့ Resolution က 720x1280px (~294ppi) ရှိပြီး Mi 4i ရဲ့ Resolution က 1080x1920px (~441ppi) ရှိပါတယ်။ မျက်နှာပြင်အရွယ်အစားချင်း တူညီတာကြောင့် ဒီဖုန်းနှစ်လုံးကို ဘေးချင်းယှဉ်ထားပြီး စမ်းကြည့်ရင် ppi ပိုမြင့်တဲ့ Mi 4i က ရုပ်ထွက်ပိုပြတ်သားပြီး စာသားတွေကိုပိုမိုရှင်းလင်းစွာဖော်ပြပေးနိုင်တာကို တွေ့ရပါလိမ့်မယ်။ ဒါကြောင့် စွမ်းဆောင်ရည်အပိုင်းကို စုစည်းကြည့်တဲ့အခါ Mi 4i က V1 ထက် ပိုမိုသာလွန်တာကိုတွေ့နိုင်ပါတယ် - Storage တိုးလို့မရတဲ့ ချွင်းချက်တစ်ခုတော့ ရှိတယ်။

## ကင်မရာနှင့် အခြား Feature များ

Mi 4i နဲ့ V1 နှစ်မျိုးလုံးမှာ တူညီတဲ့ 13MP ကျောဖက်ကင်မရာတွေနဲ့ 5MP Selfie ကင်မရာတွေ ပါဝင်ပါတယ်။ ကင်မရာပိုင်းမှာ ဘက်ညီနေတယ်လို့ထင်ရပေမယ့် ကျောဖက်ကင်မရာတွေအတွက် ထည့်ပေးထားတဲ့ LED Flash တွေမှာ ကွာခြားချက်ရှိတယ်။ Mi 4i ရဲ့ ကျောဖက်မှာ Dual-tone LED Flash ပါဝင်ပြီး V1 ရဲ့ကျောဖက်မှာတော့ Single-tone LED Flash ပဲပါဝင်တယ်။ ဒါကြောင့် Flash သုံးပြီးရိုက်ယူမှုတွေလုပ်တဲ့အခါ Mi 4i က ပိုသဘာဝကျတဲ့ အလင်းရောင်ကို ထုတ်ပေးနိုင်ပါလိမ့်မယ်။ ဒီဟန်းဆက်နှစ်မျိုးစလုံးရဲ့ ကျောဖက်ကင်မရာက ကြည်လင်ပြတ်သားတဲ့ ပုံရိပ်တွေကို ဖမ်းယူပေးနိုင်ပြီး အရှေ့ဖက်ကင်မရာတွေကလည်း Selfie သမားတွေအတွက် အဆင်ပြေပါတယ်။

Android v5.0 (Lollipop) ခေတ်မှာ ပေါ်ထွက်လာခဲ့တဲ့ စမတ်ဖုန်းတွေဖြစ်တာကြောင့် Mi 4i နဲ့ V1 နှစ်မျိုးစလုံးမှာ Android v5.0 ကို သုံးထားပြီး Mi 4i မှာ Xiaomi ရဲ့နာမည်ကျော် MIUI နဲ့ အုပ်ပေးထားတယ်။ V1 မှာတော့ Vivo ကိုယ်ပိုင် Funtouch OS နဲ့ အလှဆင်ပေးထားပါတယ်။ ကိုယ်ရေးကိုယ်တာဆန်ဆန် ပြောရမယ်ဆိုရင်တော့ MIUI က ပိုလှတယ်လို့ ဆိုချင်တယ်။ ဒါပေမယ့် Funtouch OS မှာလည်း စမတ်ကျကျ သုံးနိုင်စေဖို့ Gesture မျိုးစုံထည့်ပေးထားပါတယ်။

ပါဝါပိုင်းအတွက် Mi 4i မှာ Li-Ion 3,120mAh ဘက်ထရီပါဝင်ပြီး V1 မှာ Li-Po 2,300mAh ဘက်ထရီ ပါဝင်တယ်။ ဒါကြောင့် Mi 4i က ဘက်ထရီသက်တမ်းကြာရှည်သုံးနိုင်မှုမှာလည်း တစ်ပမ်းသာသွားပြန်ပါတယ်။

## သုံးသပ်ချက်

Mi 4i နဲ့ V1 ကို ထိပ်တိုက်နှိုင်းယှဉ်ကြည့်တဲ့အခါ စွမ်းဆောင်ရည်ပိုင်းမှာ Mi 4i က အပြတ်အသတ် သာလွန်နေတာကို တွေ့နိုင်တယ်။ ဈေးနှုန်းပိုင်းမှာလည်း Mi 4i က ပိုနည်းပါတယ်။ ပြည်တွင်းဈေးကွက်မှာ Mi 4i ကို မြန်မာကျပ် ၂၇၀,၀၀၀ (၀၁ - ၁၀ - ၂၀၁၅) နဲ့ ဝယ်ယူနိုင်ပြီး V1 ကို မြန်မာကျပ် ၂၇၈,၀၀၀ (၀၁ - ၁၀ - ၂၀၁၅) နဲ့ ဝယ်ယူနိုင်တယ်။ ဒါကြောင့် Mi 4i က V1 ထက် ပိုကောင်းတယ်လို့ ဆိုလို့ရသွားပြီလား? မရသေးပါဘူး။ အကြောင်းက Vivo ဟာ ပြည်တွင်းမှာ Official ရနိုင်တဲ့ Brand ဖြစ်ပြီး Xiaomi က Official မဖြစ်သေးတာကြောင့်ပါ။ ဒါကြောင့် မြန်မာ Font အထောက်အပံ့လိုမျိုးတွေမှာလည်း Mi 4i က ပြဿနာရှိနိုင်ပါတယ်။ ဥပမာပြောရရင် မြန်မာ Font ထည့်ထားပေမယ့် Theme ပြောင်းလိုက်တဲ့ အခါ မြန်မာ Font ကို သုံးလို့မရတာမျိုးတွေပါ။ ဒါ့အပြင် Vivo က After Sales ဆားဗစ်အပိုင်းမှာလည်း အားသာချက်ရှိပါတယ်။ ဒါကြောင့် စာဖတ်သူက ဒီဇိုင်းလှတဲ့ ပေါ့ပါးပါးဖုန်းကို သဘောကျပြီး After Sales ဆားဗစ်ပိုင်းအတွက်လည်း စိတ်ချရစေချင် တယ်ဆိုရင် V1 ကို ရွေးချယ်ပါ။ စွမ်းဆောင်ရည်ပိုကောင်းသလို ဈေးလည်းပိုချိုတဲ့ ဟန်းဆက်ကို လိုချင်တယ်ဆိုရင်တော့ Mi 4i က ပိုလန်းပါတယ်။

## Asus



### Asus Zenfone 2
(Ph – 01512689)
5.5", Intel Atom Z3580 (Quad-core 2.3GHz + PowerVR G6430), Android v5.0 (Lollipop), RAM 4GB, Storage 32GB, 13MP, 5MP, 2,400mAh
**335,000 Ks**



### Asus Zenfone 2 (Laser)
(Ph – 01512689)
5.0", Snapdragon 410 (Quad-core 1.2GHz + Adreno 306), Android v5.0 (Lollipop), RAM 2GB, Storage 16GB, 13MP, 5MP, 3,000mAh
**225,000 Ks**



### Asus Zenfone 6
(Ph – 01371923)
6.0", Intel Atom Z2580 (Dual-core 2.0GHz + PowerVR SGX544MP2), Android v4.3 (JellyBean), RAM 2GB, Storage 16GB, 13MP, 2MP, 3,300mAh
**235,000 Ks**



### Asus Zenfone 4
(Ph – 01371923)
4.0", Intel Atom Z2520 (Dual-core 1.2GHz + PowerVR SGX544MP2), Android v4.3 (JellyBean), RAM 1GB, Storage 8GB, 5MP, VGA, 1,600mAh
**140,000 Ks**

## OPPO



### Oppo N3
(Oppo Myanmar)
5.5", Snapdragon 801 (Quad-core 2.3GHz + Adreno 330), Android v4.4.4 (KitKat), RAM 2GB, Storage 32GB, 16MP, 16MP, 3,000mAh
**499,000 Ks**



### Oppo R5
(Oppo Myanmar)
5.2", Snapdragon 615 (Quad-core 1.7GHz & Quad-core 1.0GHz + Adreno 405), Android v4.4.4 (KitKat), RAM 2GB, Storage 16GB, 13MP, 5MP, 2,000mAh
**399,000 Ks**



### Oppo Mirror5
(Oppo Myanmar)
5.0", Snapdragon 410 (Quad-core 1.2GHz + Adreno 306), Android v5.1 (Lollipop), RAM 2GB, Storage 16GB, 8MP, 5MP, 2,420mAh
**279,000 Ks**



### Oppo Joy3
(Oppo Myanmar)
4.5", Mediatek MT6582 (Quad-core 1.3GHz + Mali-400MP2), Android v4.4 (KitKat), RAM 1GB, Storage 4GB, 5MP, 2MP, 2,000mAh
**119,000 Ks**

## Vivo



### Vivo X5Pro
(Ph – 01371923)
5.2", Snapdragon 615 (Quad-core 1.5GHz & Quad-core 1.1GHz + Adreno 405), Android v5.0 (Lollipop), RAM 2GB, Storage 16GB, 13MP, 8MP, 2,450mAh
**498,000 Ks**



### Vivo V1Max
(Ph – 01371923)
5.2", Snapdragon 615 (Quad-core 1.5GHz & Quad-core 1.1GHz + Adreno 405), Android v5.0 (Lollipop), RAM 2GB, Storage 16GB, 13MP, 5MP, 2,720mAh
**358,000 Ks**



### Vivo V1
(Ph – 01371923)
5.0", Snapdragon 410 (Quad-core 1.2GHz + Adreno 306), Android v5.0 (Lollipop), RAM 2GB, Storage 16GB, 13MP, 5MP, 2,300mAh
**278,000 Ks**



### Vivo Y28
(Ph – 01371923)
4.7", Mediatek MT6582 (Quad-core 1.3GHz), Android v4.2.2 (JellyBean), RAM 1GB, Storage 8GB, 8MP, 5MP, 2,100mAh
**188,000 Ks**

### Apple (Ph – 01512689)

| | |
|---|---|
| iPhone 6s+ (16GB Rose Gold) | - 1,300,000 Ks |
| iPhone 6s (16GB Rose Gold/ Gold/ Gray) | - 1,050,000 Ks |
| iPhone 6+ (64GB) | - 1,020,000 Ks |
| iPhone 6 (64GB) | - 900,000 Ks |
| iPhone 5s (64GB) | - 710,000 Ks |

### LG (Ph – 09795299380)

| | |
|---|---|
| LG G4 Duo - 709,000 Ks (Metallic), 739000 Ks (Leather) | |
| LG G3 | - 490,000 Ks |
| LG G Flex 2 (Ph - 01512689) | - 420,000 Ks |
| LG Magna | - 239,000 Ks |
| L90 | - 199,000 Ks |

### HTC (Ph – 01512689)

| | |
|---|---|
| One M9 (32GB) | - 719,000 Ks |
| One E9+ (32GB) | - 570,000 Ks |
| Desire 826 (KMD) | - 399,000Ks |
| Desire 626G+ | - 210,000 Ks |
| Desire 300 | - 90,000 Ks |

### Samsung (Samsung Showroom, 01512689)

| | |
|---|---|
| Galaxy Note 5 | - 860,000 Ks |
| Galaxy S6 Edge (32GB) | - 855,000 Ks |
| Galaxy A7 | - 445,000 Ks |
| Galaxy E7 | - 310,000 Ks |
| Galaxy Grand Prime | - 198,000 Ks |

### Huawei (Ph – 01512689, 01391808)

| | |
|---|---|
| Huawei P8 (Premium, 64GB) | - 689,000 Ks |
| Ascend G7 Duos (Gold) | - 299,000 Ks |
| Honor 4X (1GB RAM) | - 160,000 Ks |
| Honor Holly (16GB) | - 130,000Ks |
| Huawei G620S | - 130,000 Ks |

### Sony (Ph – 01391808)

| | |
|---|---|
| Xperia Z3+ | - 655,000 Ks |
| Xperia Z3 Dual | - 595,000 Ks |
| Xperia Z2 | - 405,000 Ks |
| Xperia M4 Aqua Dual | - 265,000 Ks |
| Xperia C3 Dual | - 245,000 Ks |

### Acer (SLN Mobile)

| | |
|---|---|
| Acer Liquid Jade | - 286,000 Ks |
| Acer Liquid Z520 | - 145,000 Ks |
| Acer Liquid Z4 | - 91,000 Ks |
| Aser Liquid Z200 | - 68,000 Ks |
| Acer Iconia A1-713 | - 155 USD |

### Gionee

| | |
|---|---|
| Gionee E7 | - 335,000 Ks |
| Gionee S5.5 | - 310,000 Ks |
| Gionee E6 | - 280,000 Ks |
| Gionee E3 | - 199,000 Ks |
| Gionee Marathon M3 | - 169,000 Ks |

### Xiaomi (Ph – 01512689)

| | |
|---|---|
| Xiaomi MI Note Pro (CDMA+GSM) | - 590,000 Ks |
| Xiaomi MI Note (64GB) | - 465,000 Ks |
| Xiaomi Redmi Note2 Prime (32GB) | - 208,000 Ks |
| Xiaomi Redmi Note 4G Dual | - 160,000 Ks |
| Xiaomi Redmi 2 (CDMA) | - 135,000 Ks |

### Nokia (Ph – 01371923)

| | |
|---|---|
| Nokia Lumia 1020 | - 480,000 Ks |
| Nokia Lumia 625 | - 235,000 Ks |
| Nokia Lumia 525 | - 150,000 Ks |
| Nokia XL | - 185,000 Ks |
| Nokia X | - 120,000 Ks |

### Coolpad (Ph – 0973059274)

| | |
|---|---|
| 8297W-01 | - 99,000 Ks |
| 7298A | - 9,1000 Ks |
| 7275 | - 76,000 Ks |
| 7232 | - 52,000 Ks |
| 5218s | - 45,000 Ks |

### CDMA (Ph – 01391808)

| | |
|---|---|
| Any Data 505A | - 300,000 Ks |
| ZTE G 500 | - 260,000 Ks |
| GMG A9300 | - 210,000 Ks |
| LG 200E | - 120,000 Ks |
| Ubiquam U 900 | - 40,000 Ks |

## LG Watch Urbane 2nd Edition မှာ LTE အထောက်အပံ့ပါဝင်သည့် ပထမဆုံး Android Wear စမတ်နာရီဖြစ်မည်ဟု ဆိုထား

LG မှ V10 ဖက်ဘလက်နှင့်အတူ Watch Urbane ၏ ဒုတိယမျိုးဆက်ဖြစ်သော Watch Urbane 2nd Edition ကို မိတ်ဆက်ပေးခဲ့ပြီး ယင်းစမတ်နာရီအသစ်မှာ LTE အထောက်အပံ့ပါဝင်သော ကမ္ဘာ့ပထမဆုံး Android Wear စမတ်နာရီဖြစ်သည်ဟု ဆိုခဲ့သည်။ Watch Urbane 2nd Edition တွင် 1.38" အရွယ် P-OLED စခရင်မ်ပါဝင်ပြီး Resolution 480x480px (348 ppi) ရှိသည်။ Snapdragon 400 SoC ဖြင့် မောင်းနှင်ပေးထားပြီး RAM ပမာဏ 768MB နှင့် Storage ပမာဏ 4GB ထည့်သွင်းပေးထားသည်။ အဆိုပါနာရီကို 570mAh ဘက်ထရီဖြင့် ပါဝါထောက်ပံ့ပေးထားသည်။

နာရီအိမ်ကိုယ်ထည်ကို စတီးလ်သံမဏိဖြင့် ဖန်တီးပေးထားပြီး အကြမ်းပတမ်းခံနိုင်ရည်အတွက် IP67 Rating ရထားသည်။ LG မှ Watch Urbane 2nd Edition ကို အမေရိကနှင့် တောင်ကိုရီးယားနိုင်ငံများတွင် စတင်ရောင်းချပေးမည်ဖြစ် ပြီး ဈေးနှုန်းနှင့် ပတ်သတ်၍မူ မည်သို့မှ ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။



## Samsung မှ Gear S2 နှင့် Gear S2 Classic ရောင်းချမည့်ရက်ကို တရားဝင်ကြေညာ

Samsung မှ Gear S2 နှင့် Gear S2 Classic စမတ်နာရီသစ်များကို ယခုနှစ် IFA ပြပွဲမတိုင်မီ ဩဂုတ်လကုန်ပိုင်း၌ မိတ်ဆက်ပေးခဲ့သော်လည်း စတင်ရောင်းချမည့်အချိန်နှင့်ပတ်သတ်၍မူ ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ပေ။ ယခုအချိန်တွင် ထိုစမတ်နာရီသစ်နှစ်မျိုးကို အမေရိကတွင် အောက်တိုဘာ ၂ ရက်နေ့မှစတင်ကာ ရောင်းချပေးမည်ဖြစ်ကြောင်း တရားဝင်ကြေညာလိုက်ပြီဖြစ်သည်။ Gear S2 စီးရီးစမတ်နာရီများကို စိတ်ဝင်စားသူများအနေဖြင့် Samsung Online Store, Amazon, Best Buy နှင့် Macy ဝက်ဘ်ဆိုက်များတွင် ဝင်ရောက်လေ့လာဝယ်ယူနိုင်ပြီး ဈေးနှုန်းအနေဖြင့် Gear S2 မှာ USD 299.99 နှင့် Gear S2 Classic မှာ USD349.99 ကျသင့်မည်ဖြစ်သည်။

Gear S2 စီးရီး စမတ်နာရီများကို Samsung ကိုယ်ပိုင် Tizen OS ဖြင့် မောင်းနှင်ပေးထားပြီး Dual-core CPU, RAM 512MB နှင့် Storage 4GB ထည့်သွင်းပေးထားသည်။ e-SIM မှတစ်ဆင့် မိုဘိုင်းကွန်ရက်များနှင့်ချိတ်ဆက်ကာ ဖုန်းခေါ်ဆိုခြင်းများ ပြုလုပ်နိုင်သည်။ Gear S2 စီးရီးစမတ်နာရီများကို အထင်ကရ မိုဘိုင်းအော်ပရေတာများဖြစ်သော AT&T, T-Mobile နှင့် Verizon တို့မှ ကမ်းလှမ်းလာနိုင်ကြောင်း ခန့်မှန်းထားကြသည်။



## အခြေခံအဆင့် စမတ်ဖုန်းဖြစ်သော Oppo A33 ၏ အချက်အလက်များ ပေါ်ထွက်လာခဲ့



တရုတ်နိုင်ငံရှိ TENAA ဌာနမှ ပေါ်ထွက်လာခဲ့သော သတင်းများအရ Oppo မှာ A33 အမည်ရှိ အခြေခံအဆင့် ဟန်းဆက်တစ်မျိုးကို ဖန်တီးနေသည်ဟု သိရသည်။ A33 မှာ ယင်းဟန်းဆက်၏ မော်ဒယ်လ်နံပါတ်သာဖြစ်ပြီး ဟန်းဆက်အမည်ကိုမူ ဖော်ပြထားခြင်းမရှိပေ။ A33 တွင် 5.0" အရွယ် 540x960px စခရင်မ်၊ 5MP ကျောဖက်ကင်မရာ၊ 5MP အရှေ့ဖက်ကင်မရာနှင့် Dual SIM အထောက်အပံ့များ ပါဝင်သည်။ RAM ပမာဏ 1GB နှင့် Storage ပမာဏ 16GB ထည့်သွင်းပေးထားသည်။

ယင်းစမတ်ဖုန်းတွင် Snapdragon 410 SoC ကို သုံးထားပြီး Android v5.1.1 (Lollipop) ဖြင့် မောင်းနှင်ပေးထားသည်။ A33 ကို တရုတ်နိုင်ငံတွင် USD 125 ခန့်ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး အခြားနိုင်ငံများသို့ တင်ပို့ရောင်းချမည့်အစီအစဉ် ရှိ၊ မရှိကိုမူ မသိရသေးပေ။

## GFXBench မှတစ်ဆင့် ဧရာမ Galaxy တက်ဘလက်အကြောင်း ပေါက်ကြားမှုဖြစ်ခဲ့



ပြီးခဲ့သည့် IFA ပြပွဲတွင် Samsung မှ မျက်နှာပြင်အရွယ်အစားကြီးမားသော Galaxy View တက်ဘလက်ကို မိတ်ဆက်ပေးခဲ့ပြီး ယခုအချိန်တွင် GFXBench မှတစ်ဆင့် ယင်းတက်ဘလက်နှင့်ပတ်သတ်သော အသေးစိတ်အချက်အလက်များ ပေါက်ကြားခဲ့သည်။ ပေါက်ကြားမှုများအရ Galaxy View တွင် 18.5" အရွယ် Full HD စခရင်မ်ပါဝင်ပြီး အရှေ့ဖက်တွင် 2MP ကင်မရာ တပ်ဆင်ပေးထားသော်လည်း ကျောဖက်ကင်မရာ ထည့်သွင်းထားခြင်းမရှိပေ။ Galaxy View ကို အမျိုးအစားမသိရသော Exynos ချစ်ပ်ဖြင့် မောင်းနှင်ထားပြီး ထိုချစ်ပ်တွင် အမြန်နှုန်း 1.6GHz ဖြင့် အလုပ်လုပ်နိုင်သည့် Octa-core CPU နှင့် Mali-T720 GPU တို့ပါဝင်သည်။

လက်ရှိပေါက်ကြားခဲ့သောနမူနာမော်ဒယ်လ်တွင် Android v5.1.1 (Lollipop) ကို အသုံးပြုထားသည်။ Galaxy View နှင့် ပတ်သတ်သော စမ်းသပ်စစ်ဆေးမှုများမှာ ပြီးပြည့်စုံလုနီးနီးဖြစ်နေသောကြောင့် Samsung မှ ယင်းတက်ဘလက်ကို မကြာခင် ဈေးကွက်အတွင်း ဖြန့်ချိပေးလောက်သည်ဟု ခန့်မှန်းထားကြပြီး ဆယ့်ရှစ်လက်မအရွယ်ရှိသော တက်ဘလက်ဖြင့် ဓာတ်ပုံရိုက်ရန် မလွယ်ကူသောကြောင့် ကျောဖက်ကင်မရာကို ဖယ်ထုတ်ထားခြင်း ဖြစ်လောက်ကြောင်း သုံးသပ်ထားကြသည်။

## Lumia 550 ၏ တရားဝင်မော်ဒယ်ဟု ယူဆရသော ပုံရိပ်များ ပေါ်ထွက်လာ



မိုက်ခရိုဆော့ဖ်မှ မကြာမီ ဈေးကွက်အတွင်း ဖြန့်ချိပေးတော့မည့် Lumia 550 စမတ်ဖုန်း၏ တရားဝင် မော်ဒယ်လ်ဟု ခန့်မှန်းရသောပုံရိပ်များ အင်တာနက်တွင် ပျံ့နှံ့ခဲ့သည်။ Lumia 550 ကို Snapdragon 210 SoC ဖြင့် မောင်းနှင်ပေးထားပြီး 4.7" အရွယ် ရှိသော 720p AMOLED မျက်နှာပြင် ပါဝင်မည်ဖြစ်သည်။ ပါဝါပိုင်း အတွက် 1,905mAh ဘက်ထရီထည့်သွင်းပေးထားပြီး RAM ပမာဏ 1GB နှင့် Storage ပမာဏ 8GB ပါဝင်မည်ဖြစ်သည်။ ထို့အပြင် အနောက်ဖက်နှင့် အရှေ့ဖက်တွင် 5MP နှင့် 2MP ကင်မရာများ အသီးသီး တပ်ဆင်ပေးထားသည်။

Lumia 550 နှင့်ပတ်သတ်သော ကောလာဟလနှင့် ကြိုတင်ခန့်မှန်းချက်များ မကြာခဏပေါ်ထွက်ခဲ့သော်လည်း ယခုပုံရိပ်မှာ Lumia 550 ၏ ပုံသဏ္ဌာန်အမှန်ဖြစ်လောက်သည်ဟု ယူဆရကြပြီး လာမည့်အောက်တိုဘာ ၆ ရက်နေ့တွင်ကျင်းပမည့် ပြပွဲ၌ Lumia 920, Lumia 950 XL တို့နှင့်အတူ ဖော်ထုတ်မိတ်ဆက်လောက်သည်ဟု ခန့်မှန်းထားကြသည်။

# iOS 8 Jailbreak Tweak (Tutorial)

## Anemone







iOS 6 ကနေ iOS 8.4 အထိ Jailbroken iDevice တွေရဲ့ Theme UI ကိုပြုပြင်ပြောင်းလဲ တန်ဆာဆင်ပေးနိုင်တဲ့ Jailbreak Tweak တစ်ခုပဲဖြစ်ပါတယ်။ Anemone ဟာ အခမဲ့ Free Tweak တစ်ခုဖြစ်သလို Cydia ရဲ့ BigBoss Repository အတွင်းမှာတင် ပါဝင်ပြီး Search Tab ကနေ အလွယ်တကူ ရှာဖွေ Install ပြုလုပ်နိုင်ပါတယ်။ Tweak ကို ထည့်သွင်းပြီးပြီဆိုရင် Setting App အတွင်းမှာ သူ့အတွက် သီးခြား Preference Pane တစ်ခုတိုးလာမှာ မဟုတ်ပေမယ့် iOS Home Screen ပေါ်မှာ App တစ်ခုအနေနဲ့ icon တစ်ခု တိုးလာပါလိမ့်မယ်။

Anemone ဟာ တခြား Jailbreak Tweak တွေဖြစ်တဲ့ Bundles, Folders, IconBundles, ClassicDock, ClassicBadges နဲ့ CustomClock တို့နဲ့လည်း ပေါင်းစပ်ပြီး အလုပ်လုပ်နိုင်တာကို တွေ့ရပါတယ်။ icon Theme နဲ့ UI တွေကို သီးခြားထပ်မံ ထည့်သွင်းရမှာဖြစ်ပါတယ်။ Anemone App အတွင်းကိုဝင်ရောက်လိုက်မယ်ဆိုရင် Disable/Enable ပြုလုပ်နိုင်တဲ့ Button တစ်ခုပေးထားသလို Home Screen ပေါ်က Dock နဲ့ icon တွေကို ပြုပြင်ပြောင်းလဲနိုင်တဲ့ Setting တွေ ပါဝင်ပါတယ်။

Sources : BigBoss

Tweak Name : Anemone

## FullyCharged

Battery Indicator Jailbreak Tweak တစ်ခုဖြစ်ပါတယ်။ iDevice တွေကို အားသွင်းမယ်ဆိုရင် ဘက်ထရီအားကို ရာခိုင်နှုန်းနဲ့ ဖော်ပြပေးလေ့ရှိပါတယ်။ ကိန်းဂဏန်းအနေနဲ့ ၁၀၀ ရာခိုင်နှုန်းပြည့်ပြီလို့ပြသနေပေမယ့် ဒါက Fully Charged အဖြစ် အားအပြည့်ပြည့်သွားတဲ့ အမှတ်လက္ခဏာ မဟုတ်သေးဘူးလို့ ကျွမ်းကျင်သူများက ဆိုကြပြန်ပါတယ်။ တကယ့်တကယ်တမ်း ရာနှုန်းပြည့် အားဖြည့်သွင်းမှု ရောက်မရောက်ကို ဖော်ပြပေးနိုင်တဲ့ စနစ်လည်း iOS မှာ ထည့်သွင်းမထားပါဘူး။

ဒါကြောင့် FullyCharged လို Jailbreak Tweak တွေ ပေါ်ထွက်လာရခြင်းဖြစ်ပါတယ်။ FullyCharged က iDevice ကိုအားသွင်းတဲ့အခါမှာ Fully Charged အနေနဲ့ ၁၀၀ ရာခိုင်နှုန်း အားပြန်လည်ဖြည့်တင်းပြီးသွားရင် မလိုအပ်တဲ့ လျှပ်စစ်စီးဆင်းမှုကို မဖြစ်ပေါ်စေအောင် အားသွင်းမှုကိုရပ်တန့်ဖို့အတွက် Status Bar ပေါ်က ဘက်ထရီ Logo ရဲ့ဘေးမှာ အားသွင်းခေါင်းပုံစံ သင်္ကေတနဲ့ Alert ပြုလုပ် သတိပေးနိုင်ပါတယ်။ BigBoss Repository အတွင်းမှာတင် အခမဲ့ ရယူ အသုံးပြုနိုင်ပါတယ်။ သီးခြား Option Pane တွေ မပါဝင်ပါဘူး။

Sources : BigBoss

Tweak Name : FullyCharged













## SquareDots

iOS Home Screen ပေါ်မှာရှိတဲ့ Page အရေအတွက်ကို Dock ရဲ့အပေါ်ဘက်နားမှာ အစက်ငယ်လေးတွေနဲ့ ဖော်ပြလေ့ရှိပါတယ်။ Home Screen ရဲ့ Dock အပေါ်မှာ အစက်အပျောက် ၅ ခုရှိတယ်ဆိုရင် ဒါဟာ Home Page အရေအတွက် ၅ ခု ရှိတယ်ဆိုတာ ပြသခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ရောက်ရှိနေတဲ့ Page ကို လိုက်ပြီး အစက်အပျောက်တွေကို Highlight ပြုလုပ်ပြီး အသိပေးလေ့ရှိပါတယ်။

ဒီ Dot တွေရဲ့ပုံစံဟာ စက်ဝိုင်းပုံဖြစ်နေတာကို အမြင်ရိုးသွားပြီဆိုရင် SquareDots လို့ အမည်ပေးထားတဲ့ Jailbreak Tweak ကို အသုံးပြုပြီး ပြုပြင်ပြောင်းလဲနိုင်ပါတယ်။ SquareDots က အခမဲ့ Tweak တစ်ခုဖြစ်သလို Cydia ရဲ့ BigBoss Repo အတွင်းမှာတင် ရှာဖွေ ရယူနိုင်သလို တခြား UI Tweak တွေဖြစ်တဲ့ Shy Page Dots တို့လို Tweak တွေနဲ့လည်း ပေါင်းစပ်အလုပ်လုပ်နိုင်တာကို တွေ့ရပါတယ်။ SquareDots ဆိုတဲ့ နာမည်အတိုင်း Home Page အရေအတွက် ဖော်ပြ Dot တွေကို လေးထောင့် စပ်စပ် ကုဗတုံးအသွင်နဲ့ ပြောင်းလဲပြင်ဆင်ပေးမှာပါ။

Sources : BigBoss

Tweak Name : SquareDots

## Universal Mute




Universal Mute ဆိုတဲ့အမည်အတိုင်း iDevice မှာရှိတဲ့ Ringtone, Notification Tone, Alert Tone တွေအပြင် Media Volume ကိုပါ တစ်ချိန်တည်းတပြိုင်တည်း Mute ပြုလုပ်ပေးနိုင်တဲ့ Jailbreak Tweak တစ်ခုဖြစ်ပါတယ်။ အသုံးဝင် ထင်ရှားပေမယ့် အခမဲ့ ရယူနိုင်ပါတယ်။ Cydia ရဲ့ BigBoss Repo အတွင်းမှာ ရှာဖွေ Install ပြီးပြီဆိုရင် သူ့အတွက် Universal Mute ဆိုတဲ့ အမည်နဲ့ သီးခြား Option Pane တစ်ခု iDevice ရဲ့ Setting App အတွင်းမှာ တိုးမြှင့်ပါဝင်လာမှာပါ။

Enable/Disable ပြုလုပ်နိုင်တဲ့ Button တစ်ခု အပေါ်ဆုံးမှာ ပါရှိသလို အောက်က Slider က Mute ပြုလုပ်လိုတဲ့ အသံအတိုးအကျယ် ပမာဏကို ကြိုတင်သတ်မှတ်ဖို့ပဲ ဖြစ်ပါတယ်။ 0.26 အဖြစ် Slider ကို ညာဘက်သို့ ဖိဆွဲပြီး Setting ချထားလိုက်မယ်ဆိုရင် iDevice ရဲ့ Mute Button ကိုနှိပ်လိုက်ပါက အသံအတိုးအကျယ်ပမာဏ ၂၆ ရာခိုင်နှုန်းလောက်နဲ့ Mute ဖြစ်သွားပါလိမ့်မယ်။

Sources : BigBoss
Tweak Name : Universal Mute

## WaveFlow

iOS 8.4 မှာစတင်ပါဝင်လာတဲ့ Apple Music App အတွက် သီးခြား Jailbreak Tweak ဖြစ်တဲ့အတွက် iOS 8.4 Jailbroken iDevice တွေနဲ့သာ တွဲဖက်အလုပ်လုပ်နိုင်ပါလိမ့်မယ်။ WaveFlow ကိုအခမဲ့ရယူနိုင်သလို Install ပြုလုပ်ပြီးပြီဆိုရင် Setting App အတွင်းမှာ WaveFlow နာမည်နဲ့ Preference Pane တစ်ခု တိုးမြှင့်လာမှာဖြစ်ပါတယ်။

WaveFlow အခနေနဲ့ Apple Music App ကို ဖွင့်ပြီး တေးဂီတနားဆင်နေစဉ်မှာ နဂို မူလရှိပြီးဖြစ်တဲ့ Album Art ရဲ့အပေါ်မှာ ဒစ်ဂျစ်တယ်သံစဉ်လှိုင်းတွေအဖြစ်နဲ့ Visualisation ဖော်ပြမှုကို တင်ဆက်ပေးနိုင်ပါတယ်။ Visualisation Method ကိုလည်း အမျိုးအစားရွေးချယ်ပေးနိုင်သလို လှိုင်း Wave တွေရဲ့အရောင်ကိုလည်း စိတ်ကြိုက်ပြုပြင်တည်းဖြတ်နိုင်ပါတယ်။

Sources : BigBoss
Tweak Name : WaveFlow







## CurtainsForYou

ဒီ Tweak က iOS 9 ကို အခြေပြု ထုတ်လုပ်ထားတဲ့ iPhone 6s/6sPlus တို့ကိုသာ Jailbreak ပြုလုပ်နိုင်ခဲ့မယ်ဆိုရင် ပိုပြီး လူကြိုက်များ ထင်ရှားမယ့် အလားအလာရှိပါတယ်။ CurtainsForYou ဟာ 3D Touch နည်းပညာအသုံးပြုလို့ iOS 9 ရဲ့ Home Screen ဘယ်ဘက်ဘေးကနေ ဖိဆွဲလိုက်ရင် Multitask Page တွေ ပေါ်လာသလိုမျိုး အလုပ်လုပ်ပေးနိုင်တဲ့ Feature နဲ့ ပေါင်းစပ်လိုက်မယ်ဆိုရင် ပိုပြီး ပြည့်စုံလာမယ့် JB Tweak တစ်ခုပါ။

CurtainsForYou ဟာ အခမဲ့ Tweak တစ်ခုဖြစ်သလို Install လုပ်လိုက်မယ်ဆိုရင် သီးခြား Option Pane မပါရှိပါဘူး။ ဒါပေမယ့် နောက်တစ်ကြိမ် Setting App အတွင်း ဝင်ရောက်လို့ Setting Page တွေကို တစ်ခုချင်း ဝင်ရောက်ကြည့်ပြီးတဲ့အခါမှာ Back ပြန်ထွက်ဖို့အတွက် Screen ရဲ့ဘယ်ဘက်ကနေ ညာဘက်ကို ဖိဆွဲလိုက်ရင် ခန်းဆီးလိုက်ကာ တစ်ခုကို ဆွဲဖယ်လိုက်သလို Animation/Transaction မျိုးနဲ့ နောက်ထပ် Page တစ်ခုကို ကူးပြောင်းသွားတာကို သတိပြုမိပါလိမ့်မယ်။ Setting App မှာသာမက Swipe ပြုလုပ်ပြီး Back ပြန်ထွက်နိုင်တဲ့ App တွေပေါ်မှာလည်း အလုပ်လုပ်တယ်လို့ သိရပါတယ်။

Sources : BigBoss
Tweak Name : CurtainsForYou

# .VOB ဖိုင်တွေကို Anodroid ပေါ်မှာ ဘယ်လိုဖွင့်မလဲ

.VOB ဖိုင်ဆိုတာက DVD disks တွေမှာ အများစုတွေ့ရတဲ့ file extension တစ်ခုဖြစ်ပါတယ်။ VOB extension တစ်ခုမှာ အသံတွေ ရောဗီဒီယိုတွေရော၊ စာတန်းထိုးတွေ နှင့် menu နဲ့ပတ်သက်တဲ့အချက်အလက်ဖော်ပြမှုတွေပါဝင်ပါတယ်။ ဒီ VOB ဖိုင်တွေက Android device တွေမှာပါဝင်သော Android video player တွေက ထောက်ပံ့ပေးခြင်းမရှိတဲ့အတွက် ဖွင့်လို့မရနိုင်ပါဘူး။

.VOB ဖိုင်တွေကိုဖွင့်ချင်တယ်ဆိုလျှင်တော့ third-party video player တစ်ခုကိုတင်ရမှာဖြစ်ပါတယ်။ အဲဒါကတော့ Wondershare Player ပဲဖြစ်ကာ https://play.google.com/store/apps/details?id=com.wondershare.player မှာ download လုပ်နိုင်ပါတယ်။ အဆိုပါ ဆော့ဖ်ဝဲ VOB ဖိုင်များကိုဖွင့်နိုင်ရုံမျှမက အများသုံးအကြွေကြသော video နှင့် audio ဖိုင် အမျိုးအစားများဖြစ်သော AVI, FLV, MKV, WMV, VOB, MOV, RM, RMVB, ASF, MP3, WMA, AAC, FLAC, M2TS, F4V, 3GP တို့သာမက စာတန်းထိုး ဗီဒီယိုဖိုင်အမျိုးအစားများဖြစ်သည့် .SSA, .SMI, .SRT, .SUB, .MPL, .PSB နှင့် .TXT များကိုလည်းဖွင့်နိုင်စေဖို့ ထောက်ပံ့ပေးထားပါတယ်။

ဒီ apps က အခမဲ့ရယူသုံးစွဲနိုင်မှာလည်းဖြစ်ပြီး Android video player apps တွေထဲမှာ အကောင်းဆုံးစာရင်းထဲဝင်ပါတယ်။

**Android တွင် .VOB ဖိုင်များအား Wondershare Player အသုံးပြု၍ ဖွင့်ခြင်း**

■ 1. Wondwershare player app အား သင့်ရဲ့ Android phone သို့မဟုတ် tablet မှာ အထက်ကဖော်ပြခဲ့သော link မှတဆင့်ရယူပြီး install ပါ။

■ 2. Install ပြီးလျှင် app ကိုဖွင့်လိုက်ပါ။

■ 3. မျက်နှာပြင်ရဲ့ ထိပ်ပိုင်းဘယ်ဖက်ထောင့်မှာ လိုင်းသုံးလိုင်းဖြင့် ဖော်ပြထားသော Local menu ကိုတို့ထိပါ။ ထို့နောက် settings menu ကိုဖွင့်ရန် ထိပ်ပိုင်းမှာရှိသော စက်သွားပုံ icon လေးကို တို့ထိပါ။






■ 4 Settings menu မှာ "Decoding Mode option" ကိုတို့ထိပါ။




■ 5 ယခုအခါမှာတော့ Wondershare player ကထောက်ပံ့ပေးထားသော file formats များကိုမြင်တွေ့ရမှာပဲဖြစ်ပါတယ်။ "VOB format" ကိုရှာဖွေပြီး အဲဒီပေါ်မှာတို့ထိကာ "Audio option" ကို အမှန်ခြစ်ပါ။ ဒါဆိုလျှင်ပြီးစီးပါပြီ။ .VOB ဖိုင်များကိုဖွင့်နိုင်ပြီဖြစ်ပါတယ်။




# Wi-Fi မရောက်နိုင်တဲ့ နေရာတွေကို ကျော်လွှားနိုင်စေဖို့ BT Wi-Fi Home Hotspot 500 Kit



တကယ်လို့ သင့်ရဲ့ Wi-Fi router က သင့်အိမ်ရဲ့လှေခါးအောက် အိပ်ခန်းလိုမျိုး Wi-Fi မရောက်နိုင်တဲ့နေရာမျိုးတွေမှာ ချိတ်ဆက်လို့ မရလျှင် သင့်ရဲ့ပြဿနာကို BT Wi-Fi Home Hotspot က ဖြေရှင်းပေးပါလိမ့်မည်။ အဲဒီမှ Powerline adapters နှစ်ခုပါဝင်ပြီး သင့်ရဲ့ devices များကိုသင့်အိမ်မှာရှိတဲ့ လျှပ်စစ်ကြိုးသွယ်တန်းမှုမှ တဆင့် ချိတ်ဆက်နိုင်မှာဖြစ်ပါတယ်။

Adaptor တစ်ခုကတော့ သင့်ရဲ့ router ကိုချိတ်ဆက်မှာဖြစ်ပြီး နောက်တစ်ခုကတော့ Wi-Fi signal အားအနည်းဆုံးသောနေရာတွေမှာထားရှိရမှာဖြစ်ပါတယ်။ ဒုတိယ adaptor ကို သင့်ရဲ့စမတ်ဖုန်းများ၊ လက်ပ်တော့များ၊ တက်ဘလက်များနှင့်အခြားသော devices များမှ ကြိုးမဲ့အားဖြင့်သင့်အိမ် network ရဲ့ အခြားသော နေရာများမှာ ချိတ်ဆက်နိုင်မှာဖြစ်ပါတယ်။ သင့်ရဲ့ router နဲ့ ချိတ်ဆက်ထားတဲ့ adapter က အားသွင်းနိုင်မယ့် socket တစ်ခုပါဝင်လို့ ပါဝါကို အခြားသောနံရံ socket များမှာချိတ်ဆက်ထားတဲ့ ပစ္စည်းများမှလည်းရရှိနိုင်မှာဖြစ်ပါတယ်။

Home Hotspot 500 က dual band မဟုတ်ဘဲ 2.4GHz band မှာသာအလုပ်လုပ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ speed ကို စစ်ဆေးကြည့်တဲ့အခါ တစ်မီတာအကွာအဝေးမှာ 45.9Mbps နှုန်းနဲ့ကူးပြောင်းနိုင်ပြီး ၁၀ မီတာအကွာမှာတော့ 45Mbps နှုန်းနဲ့ကူးပြောင်းပါတယ်။ ၂၅ မီတာအကွာမှာ Wi-Fi ကိုစမ်းကြည့်တော့ fail ဖြစ်တာကိုတွေ့ရပါတယ်။ ဒီလိုကျဆင်းမှုကတော့ စိတ်ပျက်စရာပါပဲ။ အထူးသဖြင့် အခြားသော Powerline adaptors တွေက ဒီအကွာအဝေးမှာ အလုပ်လုပ်လို့ပဲဖြစ်ပါတယ်။

ဒီပစ္စည်းလေးက တပ်ဆင်ရတာလွယ်ကူပြီး adapters တွေက password တစ်ပါတည်းထည့်သွင်းထားပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် သင့် network ကို အခြားသူများက သုံးစွဲနိုင်မှာမဟုတ်ပါဘူး။ သို့သော်လည်း သင့်အနေနဲ့ BT Device Configuration Tool ကို www.snipca.com/11753 မှ download ရယူကာ password များကိုပြောင်းလဲနိုင်မှာဖြစ်ပါတယ်။ သုံးစွဲပုံအညွှန်းစာအုပ်ထဲမှာတော့ဒါကိုရှင်းပြထားတာ မတွေ့ရပါဘူး။

BT Wi-Fi Home Hotspot 500 Kit ကကောင်းမွန်စွာအလုပ်လုပ်တာကိုတွေ့ရပါတယ်။ သို့သော် Devlo dLAN 500AV Wireless+ က ပိုဝေးကွာသောအကွာအဝေးကို 5GHz band မှာ devices များအတွက် ပိုမိုမြန်ဆန်တဲ့စွမ်းဆောင်ရည်နဲ့အလုပ်လုပ်ပါတယ်။ ဈေးနှုန်းကတော့ အနည်းငယ်ပိုပေးမယ့် Powerline kit တွေထဲမှာတော့ ထိပ်တန်းဖြစ်နေဆဲပါ။




# Web browser တွင် Facebook မှ ဗီဒီယိုဖိုင်များအား အလွယ်တကူ download ပြုလုပ်ခြင်း

Facebook ပေါ်မှဗီဒီယိုဖိုင်များကို အလွယ်တကူ download လုပ်ရန်အတွက် အောက်ပါအတိုင်းပြုလုပ်နိုင်ပါသည်။

ဗီဒီယိုဖိုင်၏ Link အရှေ့ဆုံးမှ http://www နေရာ၌ m ကို အစားထိုးပါ။

ဥပမာ

http://www.facebook.com/video/...............

အစား

m.facebook.com/video/.....

ထိုအခါတွင် မိုဘိုင်း၌တွေ့ရမည့်ပုံစံဖြင့် တွေ့ရမည်ဖြစ်သည်။

ပြီးလျှင် ဗီဒီယိုဖိုင်ကို play ပါ။ ထို့နောက် right click နှိပ်ပြီး save video ကိုနှိပ်ကာ mp4 ဖိုင်ဖြင့် save နိုင်ပါသည်။





# ဒီဇိုင်းလှပပြီး ဈေးနှုန်းချိုသာတဲ့ အခြေခံအဆင့် တက်ဘလက် Asus ZenPad C 7.0



### Tech Specs

- SoC - MediaTek MTK6572
- CPU - Dual-core 1.2 GHz Cortex-A7
- GPU - N/A
- RAM - 512MB
- Storage - 4GB (microSD up to 32GB)
- Camera - 2MP (Primary), 1.3MP (Front)
- Battery - Li-ion 3,000mAh
- SIM - Dual SIM (Micro SIM)

စာဖတ်ပရိသတ်ကြီးနဲ့ အတိုင်းအတာတစ်ခုလောက်အထိ ရင်းနှီးပြီးဖြစ်လောက်တဲ့ G Five က တရုတ်နိုင်ငံမှာ အခြေစိုက်ထားတဲ့ အီလက်ထရောနစ်ကုမ္ပဏီတစ်ခုဖြစ်ပြီး တခြား Brand တွေလောက် မကျော်ကြားခဲ့ပေမယ့် ၂၀၁၀ မှာ စမတ်ဖုန်းအလုံးရေ ငါးသန်းကျော် ရောင်းချခဲ့ရပါတယ်။ ဒီတစ်ပတ်မိတ်ဆက်ပေးမယ့် GPad 701 ကိုတော့ ပြီးခဲ့တဲ့နှစ်က ထုတ်ပေးခဲ့တာပါ...

## အပြင်ပန်းဒီဇိုင်း

ပထမဆုံးစပြောရရင် GPad 701 ရဲ့အသွင်က တက်ဘလက်တစ်လုံးဆိုတာထက် စမတ်ဖုန်းတစ်လုံးနဲ့ ပိုတူပါတယ်။ အကြောင်းက ထောင့်ဖြတ်အကျယ် 6.98" ရှိတဲ့ စခရင်မ်ကို ကိုယ်ထည်ရှေ့ခြမ်း စမတ်ဖုန်းတွေလို နေရာချပေးထားတာကြောင့်ပါ။ ဈေးနှုန်းချိုသာတဲ့ ဘတ်ဂျက်တက်ဘလက်ဖြစ်ပေမယ့် ကိုယ်ထည်ဒီဇိုင်းဖန်တီးထားပုံက သေသပ်မှုရှိပြီး ပါဝါခလုတ်နဲ့ အသံအတိုးအကျယ်ခလုတ်တွေကို ကိုယ်ထည်ရဲ့ ညာဖက်အပေါ်မှာ ထူးထူးခြားခြား နေရာချပေးထားပါတယ်။

GPad 701 က အလေးချိန်ပေါ့ပါးပြီး ကိုယ်ထည်လည်း ပါးလွှာတာကြောင့် ဘယ်နေရာမဆို အလွယ်တကူ သယ်ယူအသုံးပြုနိုင်သလို စွမ်းဆောင်ရည်ပိုင်းမှာ အကောင်းကြီးမဟုတ်ပေမယ့် နေ့စဉ်အသုံးပြုမှုတွေကို အဆင်ပြေပြေ ကိုင်တွယ်ပေးနိုင်စွမ်းရှိပါတယ်။

## စွမ်းဆောင်ရည်

GPad 701 မှာ Resolution 600x1020px ရှိတဲ့ စခရင်မ်ပါဝင်ပြီး MediaTek ထုတ် MTK6572 (Dual-core 1.2GHz) ချစ်ပ်နဲ့ မောင်းနှင်ပေးထားတယ်။ ဘတ်ဂျက်တန်းတက်ဘလက်ဖြစ်တာကြောင့် RAM ပမာဏ 512MB ပဲပါဝင်ပြီး Storage ပမာဏ 4GB ထည့်သွင်းပေးထားပါတယ်။ Storage တိုးချဲ့ဖို့ microSD Slot ထည့်ပေးထားပြီး 32GB အထိတိုးမြှင့်ယူနိုင်တယ်။ GPad 701 မှာပါဝင်တဲ့ SoC, RAM နဲ့ Storage ပမာဏတွေက အဆင့်မြင့်ဂိမ်းတွေကစားဖို့အဆင်မပြေသလို Multi-tasking ကိုလည်း ဈေးကြီးပေးရတဲ့ အဆင့်မြင့်တက်ဘလက်တွေလို ကိုင်တွယ်ပေးနိုင်စွမ်း မရှိပါဘူး။ Email, Note နဲ့ Web Browsing လို အပေါ့စားအလုပ်တွေကိုပဲ သွက်သွက်လက်လက် ကိုင်တွယ်ပေးနိုင်တယ်။

GPad 701 မှာ Dual SIM အထောက်အပံ့ပါဝင်တာကြောင့် Wi-Fi ကတစ်ဆင့် အင်တာနက်ချိတ်ဆက်သုံးနိုင်သလို မိုဘိုင်းအင်တာနက်ကိုလည်း အသုံးပြုလို့ရစေတယ်။ ဒါ့အပြင် ရောမယာန်းဆက်ကြီးတစ်ခုလို အသုံးပြုပြီး ဖုန်းခေါ်ဆိုပြောကြားမှုတွေလည်း လုပ်လို့ရပါတယ်။

## အခြား Feature များ

GPad 701 ရဲ့ကျောဖက်မှာ 2MP နဲ့ အရှေ့ဖက်မှာ 1.3MP ကင်မရာတွေ ထည့်ပေးထားပါတယ်။ ကင်မရာတွေက Resolution နိမ့်လွန်းတာကြောင့် ပုံမှန်ရိုက်ကူးမှုတွေအတွက် သိပ်အသုံးမတည့်သလို Selfie ရိုက်ကူးမှုတွေအတွက်လည်း အဆင်မပြေပါဘူး။ ဒီတက်ဘလက်ကို Android v4.2 (JellyBean) နဲ့ မောင်းနှင်ပေးထားပြီး ပါဝါပိုင်းအတွက် Li-ion 3,000mAh ဘက်ထရီထည့်ပေးထားတယ်။ ဘက်ထရီသက်တမ်းက အကောင်းကြီးမဟုတ်ပေမယ့် တစ်နေ့အသုံးပြုမှုအတွက် လုံလောက်တဲ့ ပါဝါကို ထောက်ပံ့ပေးနိုင်တယ်။

## သုံးသပ်ချက်

G Five ရဲ့ GPad 701 က စွမ်းဆောင်ရည်အရမ်းကောင်းတဲ့ တက်ဘလက်မျိုး မဟုတ်ပေမယ့် ဈေးနှုန်း MMK 109,000 ပဲရှိတာကြောင့် ငွေကြေးချွေတာလိုတဲ့ ဘတ်ဂျက်သမားတွေအတွက် အဆင်ပြေပါလိမ့်မယ်။ ဒီဇိုင်းပိုင်းမှာ တစ်မူထူးခြားသလို ပေါ့ပါးမှုရှိတာကြောင့် နေရာတကာကို အလွယ်တကူဆောင်ယူအသုံးပြုလို့လည်းရပါတယ်။ ငွေကျပ်တစ်သိန်းစွန်းစွန်းနဲ့ ရနိုင်တဲ့ တက်ဘလက်တွေထဲမှာတော့ GPad 701 က ရွေးချယ်စရာကောင်းတစ်ခုပါ။ စိတ်ဝင်စားရင် ဖုန်း - 01512689 ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။

# Tablets of the week

## Samsung Galaxy Tab 3V

| | |
|---|---|
| SoC | - N/A |
| CPU | - Quad-core 1.3 GHz |
| GPU | - N/A |
| RAM | - 1GB |
| Storage | - 8GB (microSD up to 32GB) |
| Camera | - 2MP (Primary), 2MP (Front) |
| Battery | - Li-ion 3,600mAh |
| Price | - MMK 165,000 |





## Samsung Galaxy Tab 4 (7.0")

| | |
|---|---|
| SoC | - Marvell PXA1088 |
| CPU | - Quad-core 1.2 GHz |
| GPU | - N/A |
| RAM | - 1.5GB |
| Storage | - 8/16GB (microSD up to 32GB) |
| Camera | - 3.15MP (Primary), 1.3MP (Front) |
| Battery | - Li-ion 4,000mAh |
| Price | - MMK 220,000 |

## Samsung Galaxy Tab A (8.0")

| | |
|---|---|
| SoC | - N/A |
| CPU | - Quad-core 1.2 GHz |
| GPU | - N/A |
| RAM | - 1.5/2GB |
| Storage | - 16/32GB (microSD up to 128GB) |
| Camera | - 5MP (Primary), 2MP (Front) |
| Battery | - Li-ion 4,200mAh |
| Price | - MMK 375,000 |



# Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

(Facebook Community Standards)

Translation : Phandeeyar
Illustration and Layout : JOOSK

https://www.facebook.com/communitystandards

Facebook သည် လူအများကို မိမိတို့၏ အကြောင်းအရာများအား ထုတ်ဖော်နိုင်ရန်၊ တခြားသူများ၏အမြင်များဖြင့် ကြည့်မြင်နိုင်ရန် မည်သည့်နေရာတွင်မဆို ရိုက်ဆက်မှုပေးနိုင်ရန် စသည့်စွမ်းအားများကို Facebook အသုံးပြုသူများအား ပေးအပ်လျက်ရှိပါသည်။ Facebook ပေါ်တွင်ပြောဆိုနေကြသော စကားများ၊ မျှဝေကြသော အထင်အမြင် များသည် Facebook သုံးစွဲသူများ၏ စုံလင်လှသော ထင်ဟပ်မှုများ ပင်ဖြစ်ပါသည်။ ကမ္ဘာလူထုတစ်ရပ်လုံး၏ လိုအပ်ချက် များနှင့်စိတ်ဝင် စားမှုများကိုရိုန်ညှိနိုင်ရန်အတွက် Facebook မှ လူမှုကွန်ရက်စံနှုန်းများနှင့်ကာကွယ်ထားပါသည်။ အောက်ဖော်ပြပါ စံနှုန်းများကိုဖတ်ရှုခြင်းဖြင့် မည်သည့်ဖော်ပြချက်ကို လက်ခံပြီး မည်သို့သော အကြောင်းအရာများကို ပယ်ဖျက်သင့်ကြောင်း သိရှိနားလည်နိုင်ပါလိမ့်မည်။



## (၁) အကြမ်းမဖက်ရ မခြိမ်းခြောက်ရ

လုံခြုံရေးသည် ကျွန်ုပ်တို့ Facebook ၏ အဓိကဦးစားပေး တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာထိခိုက်မှု သို့မဟုတ် အများပြည်သူ၏ လုံခြုံမှုကို ထိခိုက်နိုင်သည်ဟု ယူဆရသော အကြောင်းအရာများကို ဖယ်ရှားပြီး လိုအပ်ပါက သက်ဆိုင်ရာမှတာဝန်ရှိသူများနှင့် ပူးပေါင်း၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။



## (၂) မိမိကိုယ်မိမိ ထိခိုက်စေမှုကို ရှောင်ပါ

ကျွန်ုပ်တို့Facebook မှ မိမိကိုယ်ကို ထိခိုက်နာကျင်အောင်ပြုလုပ်ခြင်းနှင့်သက်ဆိုင်သော အကြောင်းအရာများကို သေသေချာချာကိုင်တွယ်ပါသည်။ မိမိကိုယ်ကိုနာကျင်စေမှု၊ အစားအသောက်မှန်သော ရောဂါသို့မဟုတ် မူးယစ်ဆေးဝါးသုံးစွဲမှုစသည်တို့ကိုအားပေးအားမြှောက်ပြုသော အကြောင်းအရာများ သို့မဟုတ် ကြော်ငြာများကိုဖယ် ရှားသွားမည်ဖြစ်ပါသည်။



## (၃) အနိုင်မကျင့်ရ မနှောင့်ယှက်ရ

Facebook သည် အနိုင်ကျင့်ခြင်း သို့မဟုတ် အရှက်ခွဲခြင်းကို လုံးဝသည်းမခံပါ။ အသုံးပြုသူများအား အများနှင့်ဆိုင်သော အကြောင်းအရာကိစ္စရပ်များကိုလွတ်လပ်စွာပြောဆိုခွင့်ပေးထားပါသည်။ သို့သော်ပုဂ္ဂိုလ်တစ်ဦးအပေါ်၌ နိုင်ထက်စီးနင်းနှောင့်ယှက်ခြင်းများအပေါ် တိုင်ကြားချက်များအား အရေးယူပါသည်။



## (၄) အမုန်းစကားမပြောရ

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကိုအကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင် စေလိုသောကြောင့်ဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှပယ်ဖျက်ပါသည်။






## (၅) ဓာတ်ပုံနှင့် ဗီဒီယိုတွင်ပါဝင်သည်များကို ကြိုတင်အသိပေးပါ

မိမိမျှဝေလိုသည့်အကြောင်းအရာကိုဖတ်ရှုမည့်သူများမှ သတိထားပြီး ရွေးချယ်နိုင်ရန် ဓာတ်ပုံ၊ဗီဒီယိုဖိုင်များကို တင်သည့်အခါ၎င်းတွင်ပါဝင်သည့် အကြောင်းအရာ၏ သဘောသဘာဝကို ကြိုတင် အသိပေးထားရပါမည်။

## (၆) အဖော်အချွတ်များကို ကန့်သတ်ထားသည်

Facebook သည် ညစ်ညမ်းအကြောင်းအရာများကို မျှဝေခြင်းနှင့် အသက်မပြည့်သော ကလေးသူငယ်များပါဝင်သည့် လိင်ကိစ္စအကြောင်းအရာများကို ထိန်းချုပ်တားမြစ်ထားသည်။







## (၇) ကိုယ်ရေးကိုယ်တာ အချက်အလက်များကို လေးစားပါ

အခြားအသုံးပြုသူတစ်ယောက်၏ ကိုယ်ရေးအချက်အလက်များအား သက်ဆိုင်သူ၏ သဘောတူညီချက်မရှိဘဲ တစ်ဆင့်ပြန်လည်ဖြန့်ဝေခြင်းမှ ရှောင်ကြဉ်စေလိုပါသည်။



## (၈) မူပိုင်ခွင့် အသိရှိပါ

Facebook ပေါ်ရှိ အကြောင်းအရာတစ်ခုကို အခြားအသုံးပြုသူများအား ဖြန့်ဝေခြင်းများ မလုပ်မီသင့်တွင် မူပိုင်ခွင့်ရှိ၊ မရှိသေချာအောင် ဆန်းစစ်စေလိုပါသည်။

## (၉) ထိန်းချုပ်ကုန်စည်များကို ခွင့်ပြုချက် မရှိဘဲ မရောင်းရ

သင်သည် စည်းမျဉ်းစည်းကမ်းဖြင့် ကန့်သတ်ထားသည့် ထိန်းချုပ်ကုန်စည်များကို တရားဝင်ခွင့်ပြုချက်မရှိဘဲ Facebook တွင်ရောင်းဝယ်ဖောက်ကားခြင်း လုပ်ခွင့်မရှိပါ။





## (၁၀) အချက်အလက်များခိုးယူခြင်းနှင့် စပမ်မေးလ်ပို့ခြင်းမပြုလုပ်ရ

ကျွန်ုပ်တို့၏ အဖွဲ့ဝင်(member) များလက်ခံခြင်းမရှိဘဲ စီးပွားရေး အရအရောင်းအဝယ်ဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် ၎င်းတို့အားဆက်သွယ်ခြင်းမပြုလုပ်ရန် သင့်အား တားမြစ်ပါသည်။



## (၁၁) သင့်လုံခြုံရေးအတွက် ကျွန်ုပ်တို့ အလေးထားပါသည်

ကျွန်ုပ်တို့သည် Facebook ကိုအသုံးပြုနေသူများအားလုံး၏ကိုယ်ရေးဆိုင်ရာအချက်အလက်လွတ်လပ်မှုနှင့် ကိုယ်ရေးဆိုင်ရာ လုံခြုံရေးအချက်အလက်များကို အထူးအလေးထားပြီး ကာကွယ်ပေးပါသည်။ Facebook ကို အသုံးပြုနေသူများ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ကျွန်ုပ်ကဲ့သို့သင့်အား လိုက်နာလေးစားစေလိုသည်။

## (၁၂) ရှင်းစိုင်းမှုများကို တိုင်ကြားနိုင်ပါသည်

အကယ်၍သင်သည် Facebook ပေါ်တွင် တစ်စုံတစ်ယောက်က စည်းကမ်းများနှင့်မကိုက်ညီသော ကိစ္စများတစ်ခုခု လုပ်နေကြောင်း မြင်တွေ့ယုံကြည်လျှင် ကျွန်ုပ်တို့ထံ Report လုပ်သင့်ပါသည်။



Ultra-portable laptop တွေဟာ ပါးလွှာခြင်း၊ ပေါ့ပါးခြင်းနဲ့ သာမန်ထက်ရှည်ကြာတဲ့ဘက်ထရီသက်တမ်းအစရှိတဲ့ အားသာချက်တွေ ပါဝင်လေ့ရှိပါတယ်။ ဒါပေမယ့်လဲ တစ်ခါတစ်ရံမှာ ဒီအားသာချက်တွေကြောင့်ပဲ ပရိုဆက်ဆာနဲ့ ဂရပ်ဖစ် စွမ်းဆောင်ရည်နဲ့ Storage ပမာဏတွေကို သွားထိခိုက်တာကိုတွေ့ရပါတယ်။ ယခုအခါမှာတော့ Acer မှ အများသုံးစွဲနေတဲ့ PC ကွန်ပြူတာကြီးတွေထက်ပိုမိုမြင့်မားတဲ့ spec များနဲ့တပ်ဆင်ထားတဲ့ Aspire S3-392G ကို Ultra-portable စီးရီးစ်အဖြစ် မိတ်ဆက်ပေးခဲ့ပါတယ်။

S3 ရဲ့သတ္တုကိုယ်ထည်ဟာရိုးရှင်းသလိုထင်ရပေမယ့် မာကျောသပ်ရပ်တယ်။ Acer ဟာတောက်ပအရောင်လို့တဲ့ အဖြူရောင်အနားသတ်နဲ့ ဝတ်ဆင်ကျအောင်ဖမ်းစားထားပေမယ့် ၎င်းဟာအလွယ်တကူ ညစ်ပေနိုင်သလိုထင်ရပါတယ်။ ပေါ့ပါးတဲ့ S3 ရဲ့ အလေးချိန်ဟာ ၁.၆ ကီလိုသာရှိပြီး charger ပါထည့်တွက်ရင် ၁.၉ ကီလိုဖြစ်ပေမယ့် အလွယ်တကူသယ်ယူ နိုင်အောင် ပေါ့ပါးဆဲပါပဲ။ အခြားဈေးနှုန်းတူ ultra-portable များနဲ့မတူညီတာက ၎င်းမှာပုံမှန်သုံးစွဲနေကြ SSD အစား 500GB Hard drive ကိုသုံးစွဲထားတယ်။ SSD လောက်မမြန်ဆန်ဘူးဆိုပေမယ့်လဲ ဈေးနှုန်းကိုချိုသာစေပြီး များပြားတဲ့ သိုလှောင်ရည်ကို ထောက်ပံ့ပေးပါတယ်။ တူညီတဲ့ပမာဏနဲ့ SSD ကိုအသုံးပြုမယ်ဆိုရင် ပိုပြီးဈေးကြီးသွားမှာပါ။ ဒါပေမယ့် ပါဝါစားသက်သာတဲ့ SSD ဟာ S3 ရဲ့ ဘက်ထရီသက်တမ်းအတွက်ပိုအဆင်ပြေမယ်လို့ထင်မိတယ်။ S3 ကိုစမ်းသပ်စဉ်က ၈ နာရီ ၃၉ မိနစ်ထိကြာကြာခံခဲ့ပေမယ့် SSD အသုံးပြု အခြား ultra-portable အချို့ဟာ ၁၄ နာရီထိခံပါတယ်။

S3 ဟာဘက်ထရီသက်တမ်းမှာအနည်းငယ်အရေးနိမ့်ပေမယ့်အခြား စွမ်းဆောင်ရည်တွေမှာတော့ပြန်အားဖြည့်ထားတယ်။ သီးသန့်ဂရပ်ဖစ်ကတ်ပါဝင်လာပြီး Nvidia GeForce 735M ဟာ 3D ဂိမ်းအများစုကို ချောမွေ့ပြည့်စုံစွာ ဆော့ကစားနိုင်စေမှာဖြစ်တယ်။ ဒါ့အပြင်ဘက်ထရီ ပေါ်မူတည်ပြီး ပါဝါစားနည်းတဲ့ Intel integrated GPU ချစ်ပ်ထဲသို့အလို အလျောက် ပြောင်းလဲပေးနိုင်စွမ်းလဲရှိတယ်။

Intel Core i5 4200U dual-core ပရိုဆက်ဆာကြောင့် S3 မှာလူကြိုက်များ ဆော့ဝဲလ်အများစုကိုအသုံးပြုနိုင်မှာပါ။ 4GB မန်မိုရီနဲ့တွဲဖက်ထားတာကြောင့် လက်ရှိအချိန်မှာလုပ်ငန်းဆောင်တာများအတွက် လုံလောက်ပေမယ့် အနာဂါတ်မှာ ထွက်လာမယ့်ပရိုဂရမ်အသစ်တွေ အတွက်တော့ အကန့်အသတ်ရှိနေမှာပါ။ S3 မှာသုံးစွဲသူက upgrade လုပ်နိုင်အောင် ဒီဇိုင်းဆွဲမထားတဲ့အတွက် ဝယ်တဲ့အခါမှာတစ်ခါထဲ တိုးမြှင့်တာက ပိုပြီးကောင်းမွန်မှာပါ။

Ethernet port မပါဝင်ပေမယ့် USB3 port ၂ ခုနဲ့ USB2 port တစ်ခုတို့ ပါပါတယ်။ ဒါ့ကြောင့် USB မှတဆင့် Ethernet adapter ဖြင့်အသုံးပြုနိုင်ပြီး စတာလင်ပေါင် ၂၂ ခန့်ထပ်မံကျသင့်မယ်။ ပုံမှန်မဟုတ်ဘဲ S3 မှာ HDMI နဲ့ Mini DisplayPort connector တွေပါဝင်တာကြောင့် အပိုမော်နီတာ နှစ်ခုနဲ့ထပ်ပြီးချိတ်ဆက်နိုင်မယ်။ Acer ကတော့ Mini DisplayPort ကို Acer Converter Port လို့အမည်ပေးထားပါတယ်။

13" လက်မ screen မှာ 1920 x 1080p မြင့်မားတဲ့ resolution ရှိပြီး document နှစ်ခုကို ယှဉ်တွဲအလုပ်လုပ်နိုင်မှာ ဖြစ်ပေမယ့် display setting မှာအသေးစိတ်ချိန်ညှိဖို့တော့လိုပါမယ်။ ၎င်းဟာ အလွန်လင်းသော်လည်း သူ့ထက်တောင်အလင်းရတဲ့အခြား laptop တွေလဲရှိသေးပြီး အရောင်တိကျမှုကလဲ အိုကေပါတယ်။ Screen ဟာ touchsensitive ဖြစ်သော်လည်း အခြား touchscreens နဲ့ laptop များလိုပဲ ကြာရှည်အသုံးပြုဖို့တော့ သက်တောင့်သက်သာမရှိပါဘူး။

ကီးဘုတ်ကတော့အနေအထားအနည်းငယ်ထူးခြားပြီး Delete Key ကို cursor key တွေရဲ့ဘယ်ဘက်ပို့ထားကာ Cap Lock key ကတော့သေးငယ်နေပါတယ်။ ဒါ့အပြင် နံပါတ်ကီးတွေနဲ့ F-key များကိုပေါင်းထားတဲ့အတွက် F-key အသုံးပြုချင်ရင် Fn ကီးလေးတွဲနှိပ် အသုံးပြုရမှာပါ။ ဒါ့ကြောင့် alt+F4 နဲ့ပရိုဂရမ်များကို ထွက်နေကြသူများအတွက် စိတ်အနှောင့်အယှက်ဖြစ်နိုင်ပါတယ်။ ထူးခြားတဲ့အစဉ်ကြောင့် အသားကျဖို့အချိန်အနည်းငယ်ယူရနိုင်ပေမယ့် လွယ်ကူမြန်ဆန်စွာအသုံးပြုနိုင်မှာပါ။ Touchpad ကလဲကြီးမားပြီးတိကျပါတယ်။ ဒါပေမယ့်အသုံးပြုချင်တာကိုကျော်သွားပြီး touch-screen မှာအသုံးပြု ထားတဲ့ gesture တွေကို activate လုပ်မိတတ်တယ်။

Acer Aspire S3-392G ဟာကောင်းမွန်စွာပြုလုပ်ထားပြီး စုံလင်တဲ့စွမ်းဆောင်ရည်နဲ့ ultra-portable laptop တစ်လုံးဖြစ်တယ်။ ဒါပေမယ့်မြင့်မားတဲ့စွမ်းဆောင်ရည်ဟာ ဘက်ထရီပေါ်သွားပြီး ထိခိုက်နိုင်ပါတယ်။ သင့်တော်တဲ့ဈေးနှုန်းရှိပြီး ဘက်ထရီသက်တမ်းကိုသာ အရေးထားတဲ့သူတွေအတွက်တော့ စဉ်းစားရမှာပါ။








# Acer Aspire S3-392G

Specifications

- 1.6GHz Intel Core i5 4200U dual-core processor,
- 4GB memory, 500GB hard drive,
- 1GB Nvidia GeForce GT 735M dedicated graphics,
- Intel HD 4400 integrated graphics,
- 13.3" 1920x1080p screen,
- 802.11a/b/g/n, Windows 8.1,
- 1.6kg weight (1.9kg with charger),
- 18x324x225mm,
- One-year warranty

## Huawei P8 Lite



Tech Specs:
SoC: HiSilicon Kirin 620, RAM: 2GB, Storage: 16GB, Camera: 13MP, 5MP, Battery: Li-Ion 2200 mAh, Dimensions: 143mm x 70.6mm x 7.7mm, Others: No error, Phone Only, Price: MMK 220,000

## iPhone 5 (32GB Black)



Tech Specs:
SoC: Apple A6, RAM: 1GB, Storage: 32GB, Camera: 8MP, 1.2MP, Battery: Li-Po 1440 mAh, Dimensions: 123.8mm x 58.6mm x 7.6mm, Others: Should replace touchscreen, Price: MMK 170,000

## LG G3 (Gray)



Tech Specs:
SoC: Snapdragon 801, RAM: 2GB, Storage: 16GB (microSD up to 128GB), Camera: 13MP, 2.1MP, Battery: Li-Po 3,000 mAh, Dimensions: 146.3mm x 74.6mm x 8.9mm, Others: Little droplet in LCD, Price: MMK 160,000

## Samsung Galaxy S6



Tech Specs:
Processor: Exynos 7420, RAM: 3GB, Storage: N/A (microSD up to 128GB), Camera: 16MP, 5MP, Battery: Li-Ion 2550 mAh, Dimensions: 143.4mm x 70.5mm x 6.8mm, Price: MMK 460,000

## MSI CX61



Tech Specs:
Processor: Intel Core i3 3110M, RAM: 2GB, Storage: HDD 500GB, Graphics: Nvidia GeForce 710M, Price: MMK 200,000

## Prolink USB Modem



Tech Specs:
3G Modem for Desktop/Laptop Computers, Supported SIM: MPT, Ooredoo, Telenor, Others: Used only 1 Week,
Price: MMK 30,000

| Sr. | Product | Price (MMK) |
|---|---|---|
| 1 | Fujitsu Core i5 Laptop | 150,000 |
| 2 | iPhone 4s (16GB Black) | 140,000 |
| 3 | Nikon CoolPix L29 | 55,000 |
| 4 | PSP 2006 Black | 45,000 |
| 5 | 14" Philips LCD Monitor (HD) | 30,000 |
| 6 | 5 Network Set-top-box | 30,000 |
| 7 | Aotop 64GB Memory Card | 28,000 |
| 8 | iPhone Original Earphone | 8,000 |
| 9 | Xiaomi Powerbank | 6,500 |
| 10 | Creative Speaker | 5,500 |

ads.com.mm မှ ကူညီပံ့ပိုးပါသည်။

SOFTWARE CDS



**Nero 2016 Platinum v17.0.02000 MultiLang**

Burning, Copying, Creating, Editing, Playing, Streaming, Ripping, Converting အစရှိသည့်ကဏ္ဍစုံအတွက် လိုအပ်သလိုအသုံးချနိုင်တဲ့ နာမည်ကျော် Nero ရဲ့ နောက်ဆုံးထွက် ဗားရှင်းဖြစ်ပါတယ်။



**Adobe Photoshop Elements and Premiere Elements 14.0**

Digital Image များနှင့် Video များအတွက်ပါ ကာလာချိန်ညှိခြင်း၊ Effect များထည့်သွင်းခြင်း၊ အရည်အသွေး မြှင့်တင်ခြင်းတို့အတွက် မိမိစိတ်ကြိုက် Edit ပြုလုပ်နိုင်တဲ့ Adobe ရဲ့ နောက်ဆုံးပွဲထွက်လာတဲ့ Elements ခွေဖြစ်ပါတယ်။




**ACDSee Ultimate 9.0.565**

နာမည်ကျော် Photo Editing Software ဖြစ်ပါတယ်။ အသုံးပြုရ လွယ်ကူတဲ့ lighting and skin tone adjustments, drawing tools, lens correction အစရှိတဲ့ Features သစ်များနဲ့ Filters and Effects Layers များစွာ ပါဝင်တာကြောင့် ဖိုတိုရှော့ပ်သမားတိုင်း လက်မလွှတ်သင့်တဲ့ အခွေပါ။



**IOS 9.0.1**

iDevice အားလုံးအတွက် Update လုပ်နိုင်မယ့် နောက်ဆုံးထွက် Firmware ဖြစ်ပါတယ်။ Setup Assistant after updating, Alarms and Timers, Safari and Photos, Custom APN setup via အစရှိတဲ့ ကဏ္ဍတွေအတွက် အဆင့်မြှင့်တင်မှုတွေနဲ့ ပွဲထွက်လာတာပါ။




**Cyberlink PowerDirector Ultimate 14**

Cyberlink ရဲ့ နာမည်ကျော် ပရော်ဖက်ရှင်နယ် Video Editing Software ပါ။ Track timeline (၁၀၀) ကျော်၊ Effects Transitions (၅၀၀) ကျော်၊ Noise and Fix Lighting Issues များနဲ့ 20GB of CyberLink cloud storage (free for one year) ပါဝင်မှာဖြစ်ပါတယ်။




**Tekla Structures Training**

မြို့ပြနဲ့ အာစီအင်ဂျင်နီယာ များအတွက် Building process Structural complexity များ၊ Construction management ပိုင်းများကို Features စုံအသုံးပြုပြီး အသေးစိတ် ရေးဆွဲ တွက်ချက်တတ် စေဖို့ လွယ်ကူရှင်းရှင်းစွာ ရှင်းလင်း တင်ပြပေးထား တဲ့ သင်ကြားရေးခွေဖြစ် ပါတယ်။

Excellent Software & Games (253736, 09-91038952) မှ ကူညီပံ့ပိုးပါသည်။

# NEW PRODUCTS COLLECTION

## MSI CX61 2QF Core i7 (15.6") with GT 940M Notebook

**Price : USD 749**




MSI မှနောက်ဆုံးထွက်ရှိလာတဲ့ Nvidia Geforce GT 940M series အမြင့်ဆုံးနဲ့ 4th Gen Core i7 Notebook ဖြစ်ပါတယ်။ Processor Intel® 4th Gen Haswell core i7(4712MQ) 2.3GHz ကို အသုံးပြုပေးထားပြီး Memory 4GB DDR3 / 1600 MHz ပါဝင်တဲ့အတွက် သင့်ရဲ့လုပ်ဆောင်ချက်များစွာကိုအဆင်ပြေဆုံး အသုံးပြုနိုင်မည်ဖြစ်ပါတယ်။ Storage အနေနဲ့ 1TB SATA HDD ပါဝင်သောကြောင့် Data သိုလှောင်မှုအပိုင်းမှာလုံလောက်စေပါတယ်။ Graphic အနေနဲ့ nVidia Geforce 9 series ထဲက GT 940M, 2GB VRAM DDR3 အမျိုးအစားကို အသုံးပြုထားသောကြောင့် Gaming Performance ကိုအမြင့်ဆုံးနှင့် Software အမြင့်ပိုင်းတွေမှာလည်းလွယ်ကူအဆင်ပြေစွာအသုံးပြုနိုင်ပါတယ်။ 15.6" wide LED Display နှင့် HDMI 1.4 supports ပေးထားသောကြောင့် ရုပ်ထွက်များကိုကြည်လင်ပြတ်သားစွာကြည့်ရှုနိုင်ပါတယ်။ ထို့အပြင် GB LAN, WLAN, Built-in 720P HD Webcam, Bluetooth 4.0 technology, HDMI(1.4), Display port, USB 3.0, D-Sub, eSATA တို့ပါဝင်ပါတယ်။ Battery အားဖြင့် 6cells ဖြစ်သောကြောင့် Battery Life time ကို ကြာရှည်အသုံးပြုနိုင်ပါတယ်။

## Z97 PC Mate

**Price : USD 133 (09-73020981)**




နည်းပညာအသစ်တွေနဲ့ပေါင်းစပ်ဖွဲ့စည်းထားသော High End Motherboard အမျိုးအစားဖြစ်တဲ့ MSI Z97 PC Mate Motherboard ဟာအင်တာနက်နှင့် ဂိမ်းဝါသနာပါသူများအတွက်တော့ အကြိုက်တွေ့စေမယ်လို့ယုံကြည်ပါတယ်။ Intel Socket 1150 ရဲ့ Chipset ဖြစ်တဲ့ Z97 Express ကိုအသုံးပြုထားပြီး လက်ရှိအသုံးပြုနေတဲ့ 4th Gen နှင့် 5th Generation (Core i7) CPU အထိပါအသုံးပြုနိုင်သောကြောင့် စွမ်း CPU ဆောင်ရည်ကိုအကောင်းဆုံးမြှင့်တင်ပေးနိုင်မှာပါ။ 22nm CPU ကို အသုံးပြုထားသောကြောင့် ပါဝါစား အလွန်သက်သာစေမှာပါ။

MSI Z97 PC Mate Motherboard မှာ Military Class 4 အမျိုးအစားဖြစ်ပြီး Memory ကို Dual Channel DDR3 1066 ကနေ DDR3 3000 အထိထောက်ပံ့ပေးနိုင်တဲ့ DIMM Slot (၄) ခုပါဝင်ပြီး အမြင့်ဆုံး 32GB အထိ တပ်ဆင်နိုင်မှာဖြစ်ပါတယ်။ SATA ထောက်ပံ့မှုပိုင်းမှာတော့ပုံမှန် SATA3 6Gbps port (၆) ခုအပြင် ထူးခြားတဲ့နည်းပညာအသစ်ဖြစ်တဲ့ M2 port ကိုထည့်သွင်းထားပြီး ၎င်း M2 port မှ SSD Express card နှင့် M2 ကနေ SATA ပြောင်းနိုင်တဲ့ M2 to SATA Express Card ကိုတပ်ဆင်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ၎င်း M2 ကို အသုံးပြုခြင်းဖြင့် ပုံမှန် SATA3 ထက် Boost up time နဲ့ Application loading time ကို ၆၇% ပိုမြန်စေပါတယ်။ PCIe (3.0) x16 slot (၂) ခုပါဝင်ပြီး Multi GPU နည်းပညာဖြစ်တဲ့ AMD ရဲ့ CrossFireX Technology အတွက် ထောက်ပံ့ပေးထားပြီး PCI-Ex1 slot (၂) ခု ပါပါရှိပါတယ်။ Audio နှင့် Video ဆိုင်ရာ Professional card များကို အသုံးပြုလိုသူများအတွက် PCI Slot (၂) ခုထပ်မံပါရှိပါတယ်။ I/O port တွေအနေနဲ့ USB 3.0 (၄) ခု၊ USB 2.0 (၈) ခု၊ GB LAN port, HDMI port, VGA port, DVI port, Audio (6+Optical SPDIF) port တွေ ပါဝင်ပါတယ်။ Motherboard အကြမ်းခံနိုင်ဖို့အတွက် Power ပိုင်းကို Military Standard Class 4 ရဲ့ Power Component တွေနဲ့တည်ဆောက်ပေးထားပါတယ်။ ထို့အပြင် Overclock ကို 1 Second အတွင်း လုပ်နိုင်တဲ့ OC Genie 4၊ သင့်ရဲ့ System ကို အလွယ်တကူ Fine-tune လုပ်နိုင်တဲ့ Click BIOS 4, Display resolution နဲ့ Visual Experience ကို Ultra-high Definition ရနိုင်တဲ့ 4K UHD Support, Seconds အနည်းငယ်အတွင်း OS ထဲသို့အလျင်အမြန်ဝင်ရောက်ပြီး Boot up လုပ်နိုင်တဲ့ Fast Boot System, Intel Technologies တွေကိုအလွယ်တကူ Setup နဲ့ Configure လုပ်နိုင်တဲ့ Smart Utilities, Streamline PC Maintenance & Security အတွက် Intel Small Business Advantage System တွေပါဝင်ပါတယ်။ သင့်ရဲ့ PC setting များဖြစ်တဲ့ System Stability များကို increase လုပ်ခြင်း၊ overclocking performance ကို Maximize လုပ်ခြင်း၊ cooling features များကို adjust လုပ်ပေးခြင်းများကို control လုပ်ပြီး Customize လုပ်နိုင်တဲ့ Command Center စတဲ့ နောက်ဆုံးပေါ်နည်းပညာတွေနဲ့အတူ အမြင့်ဆုံးစွမ်းဆောင်ရည်ကို ရရှိစေမယ့် MSI ရဲ့ Z97 PC Mate Motherboard ဖြစ်ပါတယ်။

## Acer Aspire E5-471PG (i5)

**Price : USD 655 (01-2301797~8, 227781)**

Notebook ကို Touch screen အမျိုးအစား performance မြင့်မြင့် သုံးချင်တယ်ဆိုရင်တော့ Acer Aspire E5-471PG (i5) နဲ့ မိတ်ဆက်ပေးချင်ပါတယ်။ original window 8.1 Single Language 64 bits officially ပါဝင်တဲ့အတွက် နေရာဒေသမရွေး ယူဆောင်အသုံးပြုနိုင်ပါတယ်။ Acer Aspire E5-471PG မှာ Intel Core-i5 (4210U) ကို အသုံးပြုထားပြီး၊ CPU ရဲ့မြန်ဆန်သောလုပ်ဆောင်ချက်နှုန်းက 1.7GHz မှ Turbo boost ပါတဲ့ အတွက် လုပ်ဆောင်မှုနှုန်းကို 2.70 GHz အထိ မြှင့်တင်ပေးမှာ ဖြစ်ပါတယ်။ Screen ရဲ့အရွယ်အစားက ၁၄ လက်မ HD LED Multi-Touch ဖြစ်ပြီး၊ 4GB DDR3L Memory တပ်ဆင်ထားပြီး မြောက်များစွာသော data တွေကိုသိုလှောင်ဖို့အတွက် 1TB ကိုတပ်ဆင်ပေးထားပါတယ်။ Graphic အတွက်ဆိုရင်လည်း Nvidia Geforce GT 820M 2GB က ကောင်းမွန်သောရုပ်ထွက်များကိုဖန်တီးနိုင်ပါတယ်။ DVD Super Multi Drive ပါဝင်တဲ့အတွက် Data တွေကိုလည်း Read / Write လုပ်လို့ရပါတယ်။ Acer Crystal Eye HD Webcam ပါတဲ့အတွက် Selfie ရိုက်ချင်ရင်ပဲဖြစ်ဖြစ်၊ Chatting လုပ်ချင်ရင်ပဲဖြစ်ဖြစ်ကောင်းမွန်သော ရုပ်ထွက်ကို ပေးဆောင်နိုင်ပါတယ်။ wireless ချိတ်ဆက်မှု အတွက် Acer Nplify 802.11 b/ g / n လျှင်မြန်သော ချိတ်ဆက်မှုကို ပေးနိုင်ပါတယ်။ HDMI, VGA, GbLAN, Card Reader နှင့် USB 3.0 အစရှိသည့် Ports များလည်းပါရှိပါသည်။ Battery ကိုတော့ 6-cell Li-Ion Battery ကိုသုံးထားပေးတဲ့အတွက် notebook အသုံးပြုမှုကိုကြာရှည်စွာ အသုံးပြုနိုင်မှာသေချာပါသည်။ အဆိုပါ Acer Aspire E5-471PG (i5) ကို သုံးချင်ရင်တော့ ရွှေလမင်းနဂါး ကုမ္ပဏီ နှင့် အမြို့မြို့အနယ်နယ်ရှိ computer ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၀၁ - ၂၃၀၁၇၉၇၊ ၀၁ - ၂၃၀၁၇၉၈၊ ၀၁ - ၂၂၇၇၈၁ သို့ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။



## Acer Aspire E5-471G (i3) 5th Gen

**Price : USD 519 (01-2301797~8, 227781)**



Acer Brand မှအမှ လူကြိုက်များတဲ့ series တစ်မျိုးဖြစ်သော E Series ကို Intel ရဲ့နောက်ဆုံးမျိုးဆက်သစ် Broadwell ဖြင့်ထုတ်လုပ်လိုက်သော Aspire E5-471G (i3) ကိုမိတ်ဆက်ပေးချင်ပါတယ်။ Processor ကို နောက်ဆုံး မျိုးဆက်ဖြစ်သော 5005U ဖြင့်ဆင်ယင်ထားပြီး CPU Speed က 2.0GHz ဖြစ်ပါတယ်။ RAM ကို 4GB တပ်ဆင်ထားပြီးလိုအပ်ပါက ထပ်မြှင့်နိုင်အောင် slot အပိုကိုပါထည့်သွင်းပေးထားပါသည်။ Data သိမ်းဆည်းမှု ပမာဏက 500GB ဖြစ်ပါတယ်။ ၁၄ လက်မ မျက်နှာပြင် အရွယ်အစား ဖြစ်ပြီး၊ Data တွေ Read /Write လုပ်ဖို့အတွက် DVD Drive ကိုပါထည့်သွင်းပေးထားပါတယ်။ Graphic ပိုင်းအနေဖြင့်ကြည့်မယ်ဆိုရင်လည်း Nvidia GeForce 820M 2GB ကို တပ်ဆင်ပေးထားသည့်အတွက် ဒီဇိုင်းပိုင်းအတွက်သုံးမယ်ဆိုရင်လည်းအဆင်ပြေစွာသုံးနိုင်ပါတယ်။ Battery ကိုတော့ 6 cell သုံးပေး ထားပါတယ်။ Acer WALN ကလည်းလျှင်မြန်သော wireless ချိတ်ဆက်မှုစွမ်းဆောင်ရည်ကို လုပ်ဆောင်ပေးပါတယ်။ USB 3.0, VGA , HDMI, Cardreader ကိုလည်းအသင့် ပါဝင်ပါတယ်။ Warranty ကိုတော့ Part & Service ၂နှစ်ပေးထားပြီး ရွှေလမင်းနဂါးသို့ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါတယ်။

## Acer Aspire E5-551G (FX)

**Price : USD 669 (01-2301797~8, 227781, 226931)**



Acer မှ AMD Quard Core Processor ဖြင့်ထုတ်လုပ်ထားသော Acer E5-551G အကြောင်းကိုမိတ်ဆက်ပေးချင်ပါတယ်။ E5-551G မှာသုံးထားသော CPU ကတော့ Quard Core FX 7500 ကိုသုံးထားပေးပြီး processor speed က 2.1GHz မှ Turbo Core က 3.3GHz ထိမြှင့်တင်ပေးသွားမှာဖြစ်ပါတယ်။ Graphic ပိုင်းတွင် AMD Radeon R7 M265 2GB ၏ရုပ်ထွက်ကို ၁၅.၆ လက်မရှိသော မျက်နှာပြင်ပေါ်တွင် Acer Cinecrystal LED LCD နည်းပညာက အကောင်းဆုံးသော ရုပ်ထွက်တွေကို ပေးစွမ်းနိုင်မှာ ဖြစ်ပါတယ်။ Data တွေရဲ့လုပ်ဆောင်ချက်ကိုလျှင်မြန်စွာယာယီသိမ်းဆည်းပေးနိုင်ဖို့ 8GB memory ကိုတပ်ဆင်ပေးထားပါသည်။ Data တွေကို လုံလောက်စွာ သိမ်းဆည်းပေးရန် 1TB ကိုလည်း ထပ်မံထည့်သွင်းပေးထားပါသည်။ Battery ကိုလည်း သုံးတဲ့ Performance ပေါ်မူတည်၍ သင့်တင့်သောအချိန်ကို သုံးနိုင်အောင် 6-cell Battery ကို သုံးပေးထားပါတယ်။ Acer Nplify 802.11b/g/n လည်း လျင်မြန်သော network ချိတ်ဆက်မှုဖြင့် လူမှုကွန်ရက်ကိုဆက်သွယ်ပေးမှာဖြစ်ပါတယ်။ USB 3.0, VGA, GBLAN, HDMI နှင့် Card Reader ကိုလည်း External Device များဖြင့်တွဲသုံးနိုင်ပါတယ်။ အာမခံ သက်တမ်းကိုလည်း part & service ၂နှစ်ပေးထားပါတယ်။ Acer Aspire E5-551G (FX) ကို ဝယ်ယူချင်တယ်ဆိုရင်တော့ ရွှေလမင်းနဂါး ကုမ္ပဏီနှင့် အမြို့မြို့အနယ်နယ်ရှိ ကွန်ပျူတာဆိုင်များတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

# GADGETS COLLECTION



## Folding Laptop Table

**Price : 22,000 Ks (09-73105010, 09-31469221)**

ညဘက်ဆိုရင် အိပ်ယာပေါ်မှာ Laptop နဲ့ အသုံးပြုတဲ့သူတွေလည်းရှိကြသလို ကြမ်းပြင်ပေါ်မှာလည်း ထိုင်ပြီးသုံးတဲ့သူတွေလည်းရှိပါတယ်။ Laptop ကို ပေါင်ပေါ်မှာ တင်သုံးရင်းနဲ့ Laptop က ပူလာပြီး အသားကို လောင်နိုင်သလို ကျန်းမာရေး စမ်းစစ်ချက်အရ မကောင်းဘူးဆိုတာလည်း လူတိုင်းသိပါတယ်။ အဲ့ဒီလိုမျိုးသုံးတတ်တဲ့သူတွေအတွက် ခုံလေးတစ်ခုကတော့ အသုံးဝင်မှာပါ။ သူက ABS Plastic နဲ့ပြုလုပ်ထားပြီး Table Size က မခေါက်သိမ်းထားဘူးဆိုရင် 56*31.6cm / 22.0*12.4 in ရှိပါတယ်။ Height က အမြင့်အထိ 0-31cm / 0-12.2in အထိမြှင့်လို့ရပါတယ်။ ထို့ပြင် သူ့မှာထူးခြားချက်က ပူလာတတ်တဲ့ Laptop တွေအတွက် Fan တစ်ခါတည်းပါပါပြီး USB ကြိုးလေးနဲ့ ထိုးရုံနဲ့အသုံးပြုနိုင်ပါတယ်။

## Jabra Wave Bluetooth Headset

**Price : 50,000 (09-73105010, 09-3146922)**

Jabra Brand မှထုတ်လုပ်ထားသော Wave Bluetooth Handset ဖြစ်ပါသည်။ နားတွင်စတိုင်ကျကျနှင့် သက်သောင့်သက်သာ တပ်ဆင်နိုင်ပါသည်။ Bluetooth ချိတ်ဆက်မှုနှင့် Battery အားကုန်မှု အခြေအနေအား ပြောပြပေးပါသည်။ Mic အား ၃ လွှာကာကွယ်ထားသောကြောင့် လေနှင့်ပြင်ပဆူညံသံများအား သက်သာစေပြီး အသံကြည်လင်ပြတ်သားကောင်းမွန်စေပါသည်။ တစ်ချိန်တည်း Bluetooth Device ၂ ခု ချိတ်ဆက်အသုံးပြုနိုင်ပါသည်။ HD Voice Techonlogy သုံးထားသောကြောင့် အသံထွက်အလွန်ကောင်းမွန်သော Stereo အသံစနစ်ဖြစ်ပြီး ဖုန်းနှင့် အလုပ်လုပ်တာများသူနှင့် ကားမောင်းသူများ၊ HD Voice အသံကြိုက်နှစ်သက်သူများအတွက် သင့်တော်လှပါသည်။






## Smart 3D Screen
## (3D ရုပ်ထွက်ကို ပြောင်းလဲပေးသော ကော်ပြား)

**Price : 10,000 Ks (09-73105010, 09-31469221)**

ဖုန်းရဲ့ Screen Size ကိုချဲ့ပေးနိုင်ပြီး 3D ဇာတ်ကားများ၊ ရိုးရိုးဇာတ်ကားများနဲ့ EBook ဖတ်လိုသူများအတွက် ရုပ်လုံးကြွစေတဲ့ပစ္စည်းလေးပါ။ ဖုန်းမှန်သမျှအနောက်မှာတင်ပြီး ကြည့်နိုင်ပါတယ်။ မည်သည့်ဖုန်းဖြင့်မဆို အသုံးပြုလို့ရနိုင်ပြီး မိမိရဲ့ဖုန်းမျက်နှာပြင်ကို ၃ ဆ ချဲ့ပေးတဲ့အတွက် မျက်စိလည်း မညောင်းတော့သလို သက်သောင့်သက်သာဖြင့် HD Movie တွေကို 3D ရသဖြင့် ခံစားနိုင်မှာဖြစ်ပါတယ်။ Screen Size 8" ရှိတဲ့ဖုန်းတွေအထိ အသုံးပြုနိုင်ပါတယ်။ Google Cardboard နှင့်သဘောတရားတူညီပြီး ပုံမှန်မြင်နေကျ Screen ထက် သုံးဆ ချဲ့ပေးတဲ့အတွက် ရုပ်ရှင်ရုံထဲမှာ ရောက်နေသလို ခံစားရစေမှာဖြစ်ပါတယ်။

## Divoom Bluetune Bean Speaker

**Price : 18,000 Ks (09-401577187)**

လှပပြီး တစ်မူထူးခြားသော ဒီဇိုင်းနှင့်သင့်ရဲ့ Style ကိုအမြဲ Smart ဖြစ်စေမယ့် Divoom Bluetune Bean Speaker လေးပဲဖြစ်ပါတယ်။ ဘယ်နေရာသွားသွား အလွယ်တကူယူဆောင်သွားလို့ရပြီး Phone Bluetooth နဲ့ချိတ်ဆက်လိုက်ရုံနှင့် ကြည်လင်ပြတ်သားသောအသံဖြင့် တေးသီချင်းများကို ကောင်းမွန်စွာခံစားနားဆင်နိုင်မည့်အပြင် ဖုန်းလာလျှင် Speaker လေးနဲ့ ပြောဆိုနိုင်ပြီး သင့်ရဲ့လှပသော Selfie ဓာတ်ပုံပေါင်းများစွာကို Bluetooth ခလုတ်လေးတစ်ချက်နှိပ်လိုက်ခြင်းဖြင့် ခေတ်တစ်ခေတ်ရဲ့ ပျော်ရွှင်ပေါင်းများစွာကို Divoom Bluetune Bean Speaker လေးနဲ့ မှတ်တမ်းတင်နိုင်မှာဖြစ်ပါတယ်။ Divoom Bluetune Bean Speaker လေးကို ၁၈,၀၀၀ ကျပ်ဖြင့် e-City ဖုန်း - ၀၉ - ၄၀၁၅၇၇၁၈၇ မှာဆက်သွယ်ဝယ်ယူနိုင်ပါတယ်။



## Yoobao M10 Power Bank

**Price : 18,000 Ks (09-795825508)**



လှပပြီးတစ်မူထူးခြားသောဒီဇိုင်းနှင့်သင့်ရဲ့ Style ကိုအမြဲ Smart ဖြစ်စေမယ့် Yoobao M10 Power Bank လေးပဲဖြစ်ပါတယ်။ Yoobao M10 Power Bank လေး ကို လှပပြီး ထူးခြားသော ဒီဇိုင်းလေးနဲ့ ဖွဲ့စည်းတည်ဆောက်ထားပါတယ်။ 10000mAh Battery ပါဝင်သောကြောင့် ဖုန်းအားအပြည့် ၄ ခါလောက်သွင်းနိုင်ပြီး လုပ်ငန်းခွင် ဖုန်းအသုံးပြုမှုများသူများနှင့် Game ကစားသူတိုင်းအတွက် အလွန်အဆင်ပြေကောင်းမွန်သော Power Bank လေးတစ်ခုဖြစ်ပါတယ်။ အရောင်မှာလည်း ရဲရင့်ပြတ်သားသော အနီနှင့် လူအများကြိုက်နှစ်သက်သော အနက်ရောင်နှစ်ရောင်ဖြင့်ဝယ်ထားသောကြောင့် မည်သူမဆိုသုံးစွဲရအဆင်ပြေစေမယ့် power bank လေးတစ်ခုဖြစ်ပါတယ်။ Yoobao M10 Power Bank လေးများကို ဝယ်ယူချင်တယ်ဆိုလျှင်တော့ ဈေးနှုန်း ၁၈,၀၀၀ ကျပ်ဖြင့် e-city ဖုန်း - ၀၉ - ၇၉၅၈၂၅၅၀၈ မှာ ဆက်သွယ်ဝယ်ယူနိုင်မှာဖြစ်ပါတယ်။



## Acer Liquid Z200 Promotion အစီအစဉ်

ရွှေလမင်းနဂါးကုမ္ပဏီမှ တင်သွင်းသော Acer Product များကိုဝယ်ယူအားပေးသော Customer များအတွက် Acer Product ထဲမှတစ်ခုအပါအဝင်ဖြစ်တဲ့ Acer Liquid Z200 Smart Phone ကို ယခင်ဈေးနှုန်း ၆၉,၀၀၀ ကျပ်မှ အထူးဈေးနှုန်းဖြင့် အလိုရှိ H & K Mobile (၀၉-၄၂၀၀၃၂၂၅၈) ၊ Junction Maw Tin & Sd Technolife (၀၉-၇၇၀၉၆၃၅၆၆) များတွင် (29th Sep ~ 6th Oct) အတွင်းဝယ်ယူနိုင်ပါသည်။ Acer Liquid Z200 Smart Phone ဝယ်ယူသူများကို လက်ဆောင်ပစ္စည်းများပါပေးသွားမှာ ဖြစ်ပါသည်။

# ထူးခြားဆန်းပြား ဂက်ဂျက်များ

**ဒီတစ်ပတ်ဖော်ပြထားတဲ့ဂက်ဂျက်တွေက Mobile World Congress 2015 မှာ မိတ်ဆက်ခဲ့တဲ့ ဂက်ဂျက်တွေပါ။ ဖန်တီးထားတဲ့အိုင်ဒီယာတွေက ပြောင်မြောက်သလို သဘောကျစရာ လုပ်ဆောင်ချက်တွေ ပါဝင်တာကြောင့် ဂက်ဂျက်ပါသနာ အိုးတွေရဲ့စိတ်ဝင်စားမှုကို ရထားပါတယ်။ ဒီဂက်ဂျက်အများစုက ၂၀၁၅ နှစ်ကုန်ပိုင်းမှာ ဈေးကွက်ထဲရောက်မှာပါ...**



## Bluesmart

နိုင်ငံရပ်ခြားဒေသတွေကို လေယာဉ်စီးခရီးသွားတတ်သူတွေအတွက် ရည်ရွယ်ထုတ်လုပ်ထားတဲ့ လက်ဆွဲအိတ်ပါ။ ဒီအိတ်ရဲ့အတွင်းထဲမှာ ပေါင်ချိန်စက်ပါဝင်ပြီး သူ့ထဲမှာ ထည့်သွင်းထားတဲ့အရာတွေရဲ့ စုစုပေါင်းအလေးချိန်ကို တွဲဖက်အသုံးပြုရတဲ့ စမတ်ဖုန်း App ကတစ်ဆင့် ပြန်လည်ဖော်ပြပေးနိုင်တယ်။ ဒါ့အပြင် Battery Pack တစ်ခုပါဝင်တာကြောင့် ခရီးသွားနေစဉ်မှာ စမတ်ဖုန်း၊ တက်ဘလက် စတဲ့ကိရိယာတွေကို အားပြန်ဖြည့်ပေးနိုင်ပါတယ်။ သူ့ထဲမှာ SIM ကတ်ထည့်သွင်းနိုင်ပြီး အိတ်ရောက်နေတဲ့နေရာကို Map ကတစ်ဆင့် ပြန်ကြည့်နိုင်တဲ့ Feature လည်း ပါဝင်တယ်။




## MyFC JAQ

နာမည်က ထူးခြားဆန်းပြားသလို အသွင်သဏ္ဌာန်က ချစ်စရာကောင်းလွန်းတဲ့ ဒီအရာလေးတွေက ဘာပါလိမ့်? သူ့အကြောင်းကို ပြောပြဖို့ အပိုင်းနှစ်ခု ခွဲရပါလိမ့်မယ်။ ပထမတစ်ခုက လောင်စာတောင့်ဖြစ်ပြီး အတွင်းမှာ ရေနဲ့ ဓာတ်ဆားတွေ ပါဝင်တယ်၊ နောက်တစ်ခုက ရာဘာအစွပ်ပါ - လောင်စာတောင့်ကို ရာဘာအစွပ်ထဲ ထိုးထည့်လိုက်တာနဲ့ လျှပ်စစ်ဓာတ် ထုတ်ပေးနိုင်ပါတယ်။ လောင်စာတောင့်သုံးချောင်းတစ်မျိုးဖြစ်ပြီး 2,400mAh အားအထိ ထုတ်ပေးနိုင်တယ်။ ဒီနှစ် နှစ်ကုန် ပိုင်းမှာ ဈေးကွက်ထဲ အရောက်ပို့ပေးမယ်လို့ ဆိုထားပါတယ်။

## HTC Re Vive

စမတ်ဖုန်းထုတ်လုပ်တဲ့ HTC ကုမ္ပဏီနဲ့ VR ထုတ်ကုန်တွေ ဖန်တီးနေတဲ့ Valve VR တို့ရဲ့ ပူးပေါင်းဖန်တီးမှုဖြစ်ပြီး ရောင်းချမယ့်ဈေးကို အတိအကျမသိရပေမယ့် ဒီနှစ်ကုန်ပိုင်းလောက်မှာ မိတ်ဆက်ပေးမယ်လို့ ဆိုထားပါတယ်။ Headset ရဲ့အတွင်းထဲမှာ IR Tracker နှစ်ခုနဲ့ Sensor ပေါင်း ဒါဇင်ချီပါဝင်ပြီး ဝတ်ဆင်အသုံးပြုသူကို ဆယ့်ငါးပေပတ်လည်အခန်းထဲမှာ လွတ်လွတ်လပ်လပ် ပြေးလွှားလှုပ်ရှားနိုင်စေနိုင်ဖို့ စီမံပေးထားတယ်။ ဒါ့အပြင် Virtual World (ကမ္ဘာအတု) ထဲက အရာဝတ္ထုတွေကို ထိတွေ့ကိုင်တွယ်ဖို့ ကြိုးမဲ့ Controller တစ်ခုလည်း ပါဝင်တယ်။






## ZTE SPro 2 Smart Projector

ဒီပရိုဂျက်တာလေးက ငါးလက်မအရွယ် စမတ်ဖုန်းနှစ်လုံးကို ထောင်ချင်း ယှဉ်ချထားသလောက်ကျယ်ပြီး ထုက လက်သုံးလုံး စာလောက်ပဲ ရှိပါတယ်။ ဒါပေမယ့် သူ့မှာ ကိုယ်ပိုင် Android OS ပါဝင်သလို Storage 16GB ထည့်ပေးထားတာကြောင့် ပြင်ပက ဘယ်လိုချိတ်ဆက်မှုမှ ရှိစရာမလိုဘဲ သူ့ဟာသူ ရုပ်ရှင်နဲ့ ဗီဒီယိုတွေကို ဖော်ပြပေးနိုင်စွမ်းရှိတယ်။ ဘက်ထရီက သုံးနာရီအထိ အသုံးခံပြီး SPro2 ကို ဒီနှစ် နွေရာသီမှာ ထုတ်ပေးမယ်လို့ ဆိုထားပါတယ်။ ဈေးနှုန်းကိုတော့ အတိအကျ ထုတ်ပြောတာမျိုး မရှိသေးပါဘူး။

## Jolla Tablet

Mobile OS လောကထဲမှာ ပုန်းလျှိုးကွယ်လျှိုးလှုပ်ရှားနေတဲ့ Jolla ရဲ့ Sailfish OS ကိုသုံးထားတဲ့ တက်ဘလက်ဖြစ်ပြီး ထူးခြားချက်အနေနဲ့ ဒီတက်ဘလက်ကိုဖန်တီးဖို့ Crowdsourced ပုံစံနဲ့ ရန်ပုံငွေ စုဆောင်းခဲ့ပါတယ်။ Resolution 330ppi ရှိတဲ့ 7.85" အရွယ်စခရင်ပါဝင်ပြီး Storage အတွက် 32GB နဲ့ 64GB မော်ဒယ် - နှစ်မျိုးခွဲထုတ်ပေးမယ်လို့ ဆိုထားတယ်။ တက်ဘလက်ရဲ့အထူက 8.3mm ရှိပြီး ကျောဖက်မှာ 5MP ကင်မရာတပ်ဆင်ပေးထားတယ်။ ဒီတက်ဘလက်ကိုလည်း ဒီနှစ် နှစ်ကုန်ပိုင်းမှာ ထုတ်ပေးမယ်လို့ ဆိုထားပါတယ်။



By.... Motors.com.mm

# ဟောင်းပေမယ့် ဈေးမလျော့သေးတဲ့ ကားများ

အပိုင်း (၂)

## AUTOMOTIVE TIPS




၁။ သင်မောင်းနှင်ရမည့် ကားကို သတ်မှတ်ထားသည့်အလေးချိန်ထက် ပို၍မတင်ဆောင်သင့်ပါ။

၂။ ထို့အပြင်သင့်ကား၏အလေးချိန်ကိုညီမျှနေဖို့လုပ်ဆောင်သင့်ပါသည်။

၃။ အဝေးပြေးလမ်းပေါ်တွင် ဟန်ချက်မညီသောကားတစ်စီးသည် ဘေးအန္တရာယ်ဖြစ်ပေါ်စေရန် အခြေအနေပိုများသောကြောင့် သင်၏ကားကိုဟန်ချက်ညီနေအောင် မသွားခင်ပြင်ဆင်ထားသင့်ပါသည်။

၄။ လေးလံသောပစ္စည်းများကို တင်ဆောင်လိုပါက သင့်ကား၏နောက်ခန်းထဲရှိ အခင်းကိုဖယ်ပြီး အပိုဘီး အပေါ်ကနေ နေရာချထားသင့်ပါသည်။

၅။ လမ်းအချိုးအကွေ့များတွင် သင့်ကားကို ကွေ့ရာတွင် ဘေးအန္တရာယ်မဖြစ်စေရန်အတွက် ကားအမိုးပေါ်တွင် ပေါ့ပါးသောပစ္စည်းများကိုသာ တင်ဆောင်သင့်ပါကြောင်းဖော်ပြပေးလိုက်ပါသည်။

### Volkswagen Scirocco

(မူရင်းဈေးရဲ့ ၅၈ ရာခိုင်နှုန်း ပြန်လည်ရရှိ)



ပြိုင်ကားပုံစံ ဒီဇယ်အင်ဂျင်နဲ့ ဒီ Scirocco အမျိုးအစားဟာ Volkswagen ရဲ့ ထုတ်ကုန်တွေထဲမှာ တန်ဖိုးအထိန်းသိမ်းနိုင်ဆုံးကားမော်ဒယ်ဖြစ်ပါတယ်။ Volkswagen ကားတွေကို ဝယ်မယ်ဆိုရင် စဉ်းစားသင့်တဲ့ ကားအမျိုးအစားတစ်ခုပါ။



### Audi A3

(မူရင်းဈေးရဲ့ ၅၇ ရာခိုင်နှုန်း ပြန်လည်ရရှိ)

ဂျာမန်ကားထုတ်လုပ်သူ Audi ရဲ့ Hatchback တန်းဝင် Audi A3 ဟာ အားကောင်းတဲ့ ဒီဇယ်အင်ဂျင်၊ အဆုံးစားဒီဇိုင်းကြောင့် ကျော်ကြားပါတယ်။ ဒါ့ကြောင့် Audi A3 2008 မော်ဒယ်ဟာ အချိန်သုံးနှစ်၊ ကီလိုမီတာ လေးသောင်းရှစ်ထောင်လောက် မောင်းပြီးပြန်ရောင်းရင်တောင် ဝယ်ဈေးရဲ့ ၅၇ ရာခိုင်နှုန်းကို ထိန်းထားနိုင်ပြီး ဥပမာ သိန်း တစ်ရာနဲ့ဝယ်ထားတယ်ဆို သုံးနှစ်ကြာလို့ပြန်ရောင်းရင် ၅၇ သိန်းရနိုင်ပါတယ်။

### Honda CR-V

(မူရင်းဈေးရဲ့ ၅၆ ရာခိုင်နှုန်းပြန်လည်ရရှိ)



ကားဝယ်သူတွေ၊ သုံးစွဲသူတွေဆီက ဝယ်စီးရတာတန်တယ်၊ အင်ယူရှင့်ပုံစံမှီ စိတ်ချလက်ချစီးနိုင်ပြီး ပြန်ရောင်းတဲ့အခါမှာလည်း မျက်နှာပန်းလှပြီး ဝယ်လိုအားလည်း ရှိတယ်ဆိုတဲ့ ကောင်းသတင်းတွေကို ရရှိထားတဲ့ Honda CR-V ဟာ မြန်မာပြည်တွင်းမှာလည်း လူကြိုက်များတဲ့ ကားအမျိုးအစားတစ်ခုပါ။ လူကြိုက်များတဲ့ ကားအမျိုးအစားတစ်ခုဖြစ်တာကြောင့် ဝယ်ဈေးရဲ့ ၅၆ ရာခိုင်နှုန်းကို ပြန်လည်ရရှိမှာပါ။

Motors.com.mm တွင် သင်၏ကားကို လွယ်ကူလျင်မြန်စွာ အရောင်းအဝယ်ပြုလုပ်နိုင်ပါသည်။ **Hot Line : 011-224426, E-mail - service@motors.com.mm**





# WW2 ရဲ့ တိုက်ပွဲဝင်သင်္ဘောများ (သို့)

**World of Warships**
Developer - Wargaming.net
Publisher - Wargaming.net
Platform - Microsoft Windows





၂၀၁၀ ခုနှစ်မှာ World of Tanks ဆိုတဲ့ဂိမ်းက Windows ပလက်ဖောင်းအတွက် စထွက်လာခဲ့တယ်၊ ဒီဂိမ်းမှာ ကစားသူက မောင်းနှင်လိုတဲ့ တင့်ကားကို ရွေးချယ်ပြီး ဒုတိယကမ္ဘာစစ်နောက်ခံ ဂိမ်းအာတ်လမ်းထဲမှာ မောင်းနှင်တိုက်ခိုက်မှုတွေ လုပ်ရတယ်။ ဒီဂိမ်းကို ကမ္ဘာတစ်လွှားမှာရှိတဲ့ ဂိမ်မာအတော်များများက သဘောကျခဲ့ပြီး ၂၀၁၃ ရောက်တဲ့အချိန်မှာ World of Warplanes ဆိုတဲ့ဂိမ်း ထပ်ထွက်လာတယ်။ World of Warplanesမှာတော့လေယာဉ်တွေကို မောင်းနှင်ကစားရပါတယ်။ အခုအချိန်မှာတော့ World of Tanks နဲ့ World of Warplanes တို့ရဲ့နောက်ဆက်တွဲ World of Warships က အခမဲ့ ကစားနိုင်တဲ့ ဂိမ်းတစ်ခုအသွင်နဲ့ ဂိမ်းဈေးကွက်နယ်မြေထဲကို ချဉ်းနင်းဝင်ရောက်လာပါပြီ၊

World of Warships ကို ကစားရတဲ့ပုံစံက အရင်ဂိမ်းတွေနဲ့ ခပ်ဆင်ဆင်တူပေမယ့် World of Tanks လိုအဆောက်အဦးတွေထူထပ်နေတဲ့မြို့တော်တွေမပါဝင်တော့သလိုသင်္ဘောတွေကိုထိန်းချုပ်မောင်းနှင်ရတာက World of Warplanes ထဲက လေယာဉ်တွေလို မလွယ်ကူတော့ပါဘူး။ စစ်သင်္ဘောတွေကိုတောင်ပစိဖိတ်တောင် တန်းတွေနဲ့ အလက်စကာရေခဲပြင်တို့ကြားမြတ်သန်းမောင်းနှင်ပြီးစစ်ဆင်ရေးတွေ ပြုလုပ်ရမှာပါ။ မိုးကုပ်စက်ဝိုင်းနောက်ခံမှာမြို့တော်တွေကိုခပ်ရေးရေးသာ တွေ့ရမှာဖြစ်ပြီး စစ်သင်္ဘောတွေက ခပ်နှေးနှေးသာ လှုပ်ရှားနိုင်တာကြောင့် လာရောက်တိုက်ခိုက်တဲ့အခါအလွယ်တကူထိခိုက်ပျက်ဆီးနိုင်ပါတယ်။ စစ်လေယာဉ်တွေလိုစီးချင်းထိုးဖို့လည်းမလွယ်တာကြောင့် World of Warshipsမှာအုပ်စုဖွဲ့တိုက်ခိုက်ရတဲ့နည်းဗျူဟာနဲ့ စနစ်တကျနေရာချထားမှုတွေကိုပဲ အားကိုးကစားရပါလိမ့်မယ်။

World of Warships မှာထိန်းချုပ်မှုတွေကိုကီးဘုတ်ကတစ်ဆင့် အဆင်ပြေပြေပြုလုပ်နိုင်အောင် စီမံပေးထားပြီး အောက်ခြေက ရေတပ်သားတွေကိုအမိန့်ပေးရတာမျိုးတွေလည်းပါဝင်တယ်။ ကပ္ပတိန်က ပေနှစ်ဆယ်လောက်မြင့်တဲ့သင်္ဘောတာဝါပေါ်ကတစ်ဆင့်အပေါ်စီးမြင်ကွင်းပုံစံနဲ့ ထိန်းချုပ်ရမှာပါ။ အရမ်းကြီးတဲ့သင်္ဘောတွေမှာအမြောက်ပြောင်းကို ရန်သူတွေဆီရောက်အောင် ချိန်ဆဖို့ တစ်မိနစ်လောက် အချိန်ယူရတာကြောင့် တိုက်ပွဲဗျူဟာတွေအတွက် ကြိုတင်စဉ်းစားပြင်ဆင်ထားဖို့ လိုတယ်၊ (များသောအားဖြင့်) ရန်သူတွေက အရှေ့ဖက်မှာရှိတတ်တာကြောင့် သူတို့ရဲ့ ရင်ဆိုင်ရချိန်မှာ အမြောက်



တွေကိုမှန်ကန်တဲ့ဦးတည်ရာဆီ လှည့်ပြီးနေဖို့လိုပါတယ်။ ရန်သူသင်္ဘောနောက်ကို တိတ်တဆိတ် ချဉ်းကပ်သွားရင် (အခမဲ့ဝယ်ယူခွင့်)စတ္တန့်သုံးဆယ်ရပါတယ် - ရန်သူသင်္ဘောက တန်ပြန်တိုက်ခိုက်ဖို့ အမြောက်တွေကို လှည့်နေချိန်မှာ ပေးထားတာပါ။

သင်္ဘောတွေကို ဖျက်သင်္ဘော (Destroyer), တိုက်သင်္ဘော (Cruiser), လေယာဉ်တင်သင်္ဘော (Carrier) နဲ့ (စစ်သင်္ဘော) Battleship ဆိုတဲ့ အမျိုးအစားလေးခု ခွဲခြားပေးထားပြီး သင်္ဘောအမျိုးအစားတစ်ခုချင်းစီအတွက် သီးခြားလက်နက်နဲ့ကိရိယာတွေကို ထည့်သွင်းပေးထားသလို အဆင့်မြင့်နည်းပညာတွေနဲ့ Upgradeလုပ်နိုင်အောင်လည်း စီမံပေးထားတယ်။ Upgrade အတွက် အရိုးရှင်းဆုံးဥပမာကိုပြောရရင် Carrier သင်္ဘောတွေဖြစ်ပြီး ပထမဆုံးကျောက်မီးသွေးတင်တဲ့သင်္ဘောကိုပြုပြင်ထားတဲ့ USS Langley နဲ့စရတယ်၊ USS Langley မှာကင်းထောက်တောင်ပံနဲ့ လေယာဉ်တွေပဲပါပါတယ်။ ဒီကနေတစ်ဆင့်အဆင့်ဆင့် Upgrade လုပ်ပြီး USS Lexington လို ခေတ်မီ Carrier သင်္ဘောတွေအထိ ဖန်တီးယူနိုင်တယ်။

သင်္ဘောအမျိုးအစားလေးခုထဲမှာ Aircraft Carrier တွေကတစ်နည်းတစ်ဖုံ ခွဲထွက်နေပါတယ်။ အကြောင်းက ဒီသင်္ဘောတွေမှာ စီးချင်းထိုးဖို့အမြောက်တွေမပါဘဲလေယာဉ်တွေသာပါဝင်တာကြောင့်ပါ။ ကစားသူက Desk Managerနေရာကတစ်ဆင့် အမိန့်ပေးပြီး ရန်သူစစ်သင်္ဘောတွေကို တိုက်ခိုက်ဖို့ တော်ပီဒိုလေယာဉ်တွေ စေလွှတ်ရသလို ဗုံးကြဲလေယာဉ်တွေကိုနှိမ်နင်းဖို့တိုက်လေယာဉ်တွေစေလွှတ်ရတယ်၊ Carrier တွေနဲ့ကစားတဲ့အခါ သင်္ဘောအပြင်ထွက်ပြီး စုစမ်းရတာထက် မြေပုံတစ်ခုကိုကြည့်ပြီး ဗျူဟာချရတာနဲ့ပဲ အချိန်ကုန်ပါလိမ့်မယ်။

World of Warships မှာဂရပ်ဖစ်အပိုင်းနဲ့ပတ်သက်လို့ရွေးချယ်ခွင့်မျိုးစုံ ပေးထားတာကြောင့် ဟာ့ဒ်ဝဲသိပ်မမြင့်တဲ့ပီစီတွေမှာ Setting တွေကိုလျှော့ချိန်ကစားနိုင်တယ်။ ဒီဂိမ်းကို အခမဲ့ရယူခွင့်ပေးထားပေမယ့် သင်္ဘောတွေကို Upgrade လုပ်ဖို့ အတွက် လိုအပ်တဲ့နည်းပညာနဲ့ XP Point တွေကိုတော့အခကြေးငွေနဲ့ဝယ်ယူရမှာဖြစ်ပါတယ်။ အကုန်အကျမခံဘဲ အနိမ့်ဆုံးအဆင့် သင်္ဘောတွေနဲ့ပဲ ကစားရင် အခက်အခဲမျိုးစုံ ကြုံတွေ့နိုင်သလို အွန်လိုင်းမှာ အဖွဲ့လိုက် တိုက်ခိုက်ကစားတဲ့အခါမှာလည်းမျက်နှာငယ်ရတယ်။ အတွေ့အကြုံ မရှိသေးတဲ့ ဂိမ်မာ



တွေအနေနဲ့ အကုန် အကျခံပြီးရင်း နှီး ကစား သင့်သလား ဆိုတာက လည်း မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။ ဂိမ်မာအများစုကတော့ ဂရပ်ဖစ်ဖန်တီးထားပုံ သေသပ်ပြီးသင်္ဘောတစ်ခုချင်းစီရဲ့နောက်ခံသမိုင်းကြောင်းကိုလည်း ထဲထဲဝင်ဝင်လေ့လာနိုင်တဲ့ဒီဂိမ်းကိုသဘောကျမှာအသေအချာပါပဲ။

# မိုဘိုင်းဂိမ်မာများအတွက် အသစ်ထွက် Android ဂိမ်းများ

## Hotel Transylvania 2

Hotel Transylvania 2 ကာတွန်းရုပ်ရှင်ရဲ့ နောက်ဆက်တွဲဂိမ်းဖြစ်ပြီး အမှောင်လောကရဲ့မင်းသားလို့ တင်စားခံထားရတဲ့ ဒရက်ကူလာနဲ့ သူ့ရဲ့မကောင်းဆိုးဝါးသူငယ်ချင်းအားလုံးကို ချစ်စဖွယ်ကောင်းတဲ့ ဂရပ်ဖစ်တွေနဲ့ ဖန်တီးပေးထားပါတယ်။ ဒီဂိမ်းမှာဒရက်က သူ့ဟိုတယ်မှာတည်းခိုသူတွေနဲ့ စည်ကားလာစေဖို့ ဟိုတယ်ရှေ့မှာ ရွာတစ်ရွာတည်ပါတယ်။ ဒီရွာမှာ နေထိုင်မယ့်သူတွေက ဇွန်ဘီ၊ မံမီ၊ ဖရန်ကလင်စတိုင်း စတဲ့ ဇာတ်ကောင်တွေဖြစ်ပြီး ဇာတ်ကောင်တစ်ကောင်ချင်းစီနဲ့ ပတ်သက်တဲ့ အဆောက်အဦးတွေကို ဆောက်ပေးရင်း Unlock လုပ်ယူရတယ်။ ရွာတည်ဖို့အတွက်လိုအပ်တဲ့ ငွေနဲ့ XP Point တွေကို အဆောက်အဦးတွေဆီက ရယူနိုင်ပြီး Quest တွေကို ဖြေရှင်းဖို့ ဇာတ်ကောင်တစ်ကောင်ချင်းစီကို မတူညီတဲ့အလုပ်တွေ ခိုင်းရပါတယ်။ ဥပမာ Mavis နဲ့ Johnny ကို ချိန်းပေးဖို့ Johnny ကို ရေချိုးခိုင်းတာမျိုးပါ။ ဦးနှောက်မရှိတဲ့ဇွန်ဘီကို စာရင်းကိုင်လုပ်ခိုင်းတာမျိုး ရယ်စရာတွေလည်း ပါဝင်ပါတယ်။







## Eternity Warriors 4

မြေအောက်ခန်းထဲမှာ လျှောက်သွားတိုက်ခိုက်ရတဲ့ Ethernity Warriors စီးရီးရဲ့ စတုတ္ထမြောက်ဂိမ်းဖြစ်ပြီး ဂရပ်ဖစ်ဖော်ပြမှုအသေးစိတ်ကို လိုသလိုချိန်ညှိနိုင်စေမယ့် Setting တွေ ပါဝင်တယ်။ Eternity Warriors ဂိမ်းတို့ရဲ့ ထုံးစံအတိုင်း ဟီးရိုးတွေကို Warrior, Assassin နဲ့ Mage ဆိုတဲ့ အမျိုးအစားသုံးခု ခွဲပေးထားပြီး ဟီးရိုးတစ်ကောင်ချင်းစီမှာ သီးခြားစွမ်းရည်တွေ ထည့်ပေးထားတယ်။ Warrior ရဲ့စွမ်းရည်က ခွန်အားဖြစ်ပြီး Assassin က လျှပ်တစ်ပြက်တိုက်ခိုက်နိုင်စွမ်းရှိတယ်။ Mage က မှော်ဆရာ - ရန်သူတွေအပေါ် မီးမိုးရွာနိုင်တယ်။ ရှားပါးတဲ့ ချပ်ဝတ်တန်ဆာ၊ လက်နက်နဲ့ ပဥ္စလက်စွမ်းရည်တွေကို ရှာဖွေစုဆောင်းပြီး ဟီးရိုးတွေကို Upgrade လုပ်လို့ရပါတယ်။ ဒီဂိမ်းကို တစ်ကိုယ်တော်ကစားလို့ရသလို အွန်လိုင်းချိတ်ဆက်ပြီး သူငယ်ချင်းတွေနဲ့ အုပ်စုလိုက်လည်း ကစားနိုင်တယ်။ ဒါ့အပြင် Arena Mode ထဲဝင်ပြီး တခြားပြိုင်ဘက်တွေနဲ့ ယှဉ်ပြိုင်သတ်ပုတ်လို့လည်း ရတယ်။

## FIFA 16 Ultimate Team

မိုဘိုင်းဖုန်းတွေပေါ်မှာ ကစားနိုင်တဲ့ FIFA ဘောလုံးဂိမ်းက ပိုကောင်းတဲ့ Control စနစ်၊ ပိုချောမွေ့တဲ့ ပုံရိပ်ဖော်ပြမှု၊ စွမ်းဆောင်ရည်ပိုကောင်းတဲ့ AI ပြိုင်ဘက်တွေနဲ့အတူ အသစ်တစ်ဖန် ပြန်လည်ထွက်ပေါ်လာပါပြီ။ ကိုယ်ပိုင်ဘောလုံးအသင်းကို စိတ်ကြိုက်ဖန်တီးနိုင်စေဖို့ အသင်းပေါင်းငါးရာကျော်က ကစားသမားပေါင်း တစ်သောင်းကျော် ထည့်သွင်းပေးထားတယ်။ ထူးခြားချက်က PlayStation လိုဂိမ်းစက်မျိုးတွေအတွက် ထုတ်ပေးထားတဲ့ ဗားရှင်းလို အမျိုးသမီးအသင်းတွေ အများကြီး မပါဝင်ပါဘူး။ နောက်ထပ် ထူးခြားတာက ဒီဂိမ်းကိုကစားဖို့ ဖုန်းထဲမှာ နေရာလွတ် 1.4GB ရှိဖို့လိုအပ်သလို Nexus 6, M8 စတဲ့ အဆင့်မြင့်ဖုန်းအများစုမှာပဲ ကစားလို့ရပါတယ် - Device Compatibility ကို Play Store မှာ ဝင်ကြည့်ပါ။ ကစားသမားတွေရဲ့ လှုပ်ရှားမှုတွေက ဂိမ်းစက်ဗားရှင်းတွေလို ပိုမိုသဘာဝကျလာပြီး အချင်းချင်း ပူးပေါင်းတိုက်စစ်ဆင်တာမျိုးတွေလည်း လုပ်နိုင်လာပါတယ်။






## Chariot

ချစ်စရာကောင်းတဲ့ ဂိမ်းဇာတ်ကောင်လေးတွေ ပါဝင်ပြီး ဟာသနှောထားတဲ့ Platformer ဂိမ်းတစ်ခုပါ။ တိုင်းပြည်တစ်ခုမှာရှိတဲ့ ဘုရင်ကြီးက နတ်ရွာစံသွားတာကြောင့် မင်းသမီးလေးနဲ့ (သူမနဲ့ စေ့စပ်ထားတဲ့) ကြင်ယာတော်တို့က ဘုရင်ကြီးရဲ့အလောင်းကို အသုဘလှည်းပေါ်တင်ပြီး ရွှေသားအတိပြီးတဲ့ ဂူဗိမာန်ဆီ သယ်ဆောင်သွားကြပါတယ်။ သူတို့သယ်ဆောင်သွားတဲ့ ခရီးစဉ်ကို မတူညီတဲ့ နောက်ခံငါးမျိုးမှာ Level ပေါင်း နှစ်ဆယ့်ငါးခုနဲ့ ပိုင်းခြားပေးထားပြီး ထုံးစံအတိုင်း လမ်းခရီးမှာရှိတဲ့ အတားအဆီးတွေကို ညက်ပါပါကျော်လွှားတိုက်ခိုက်ရင်း ရှေ့ဆက်သွားရပါလိမ့်မယ်။ အသုဘလှည်းမှာပါဝင် ဘီးအကြီးကြီးတွေက ဂိမ်းဇာတ်ကောင်တွေကို ပိုမြင့်တဲ့မြေပြင်တွေဆီ ခုန်တက်နိုင်အောင် ကူညီပေးနိုင်သလို စောက်နက်တဲ့ ချိုင့်တွေကိုလည်း ကျော်လွှားနိုင်စေတယ်။ တခြားသူတွေနဲ့ LAN ချိတ်ဆက်မှုကတစ်ဆင့် တွဲဖက်ကစားနိုင်ပြီး ထူးခြားချက်တစ်ခုအနေနဲ့ Philips Hue စမတ်မီးသီးအတွက် အထောက်အပံ့ ထည့်ပေးထားပါတယ်။

## Raywar : Pandemonium

ဒီဂိမ်းထဲမှာ ချစ်စရာကောင်းတဲ့ ဂိမ်းဇာတ်ကောင်တွေ မပါဝင်သလို လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုကျော်လောက်မှာ ဖန်တီးခဲ့တဲ့ ဂိမ်းလို့ထင်ရလောက်အောင် ဂရပ်ဖစ်ပိုင်းမှာလည်း ဆွဲဆောင်မှု မရှိပါဘူး။ ဂျီသြမေတြီအတုံးလေးတွေနဲ့ တိုက်ခိုက်ရတဲ့ဂိမ်းဖြစ်ပြီး ပေါက်ကွဲပျက်စီးသွားပုံကလည်း ရယ်စရာကောင်းလွန်းနေပါတယ်။ ဆွဲဆောင်မှုအပိုင်းနဲ့ပတ်သက်လို့ ဒီလောက်ညံ့ဖျင်းနေပေမယ့် ဒီဂိမ်းမှာ ထူးခြားတာတွေရှိတယ် - ကစားနေရင်းနဲ့ စခရင်မ်က လက်ဖယ်လိုက်နဲ့ ဂိမ်းကို အလိုလိုဆိုင်း (Pause) ပေးနိုင်သလို WiFi LAN ကတစ်ဆင့် သူငယ်ချင်းတွေနဲ့ ချိတ်ဆက်ကစားနိုင်တယ်။ တကယ်လို့ စာဖတ်သူဆီမှာ ဈေးအဆမတန်ကြီးတဲ့ Android TV ရှိတယ်ဆိုရင်လည်း တီဗီပေါ်မှာ ကစားလို့ရတယ်။ Game Mode လေးခုနဲ့ အဆင့်ပေါင်းဆယ့်လေးခုပါဝင်ပြီး အဆင့်တစ်ခုရဲ့ နောက်ဆုံးပိုင်းမှာ Boss တစ်ကောင်စီနဲ့ တိုက်ခိုက်ရမှာဖြစ်ပါတယ်။ Boss က ဘယ်လိုပုံစံပါလိမ့်? စပ်ကြီးကြီး ဂျီသြမေတြီတုံးကြီးပါ။



## Galaxy Active Neo အား ဂျပန်တွင်ကြေညာ



အကြမ်းခံစမတ်ဖုန်းတစ်လုံးအဖြစ် ထုတ်လုပ်ထားတဲ့ Galaxy Active Neo ကို ဂျပန်နိုင်ငံမှာ Samsung က ကြေညာလိုက်ပါတယ်။

လုပ်ဆောင်ချက်တွေအရ တန်းလတ်ဖုန်းတစ်လုံးဖြစ်တဲ့ ဒီဖုန်းမှာ ၄.၅ လက်မအရွယ် WVGA မျက်နှာပြင်ပါဝင်ပြီး အရည်အသွေးက 480ppi ရှိမှာပါ။ အတွင်းပိုင်းမှာတော့ Snapdragon 410 Chipset နဲ့အတူ 1.2GHz Cortex-A53 CPU နဲ့ Adreno 306 GPU တို့ပါဝင်ပြီး RAM ကတော့ 2GB ပါဝင်ပါတယ်။ မှတ်ဉာဏ် သိုလှောင်နိုင်စွမ်းကတော့ 16GB ဖြစ်ပြီး MicroSD နဲ့ထပ်မံတိုးချဲ့နိုင်မယ် လိမ့်မယ်။

ကင်မရာပိုင်းအနေနဲ့ ကျောဘက်မှာ 8MP နဲ့မျက်နှာစာမှာ 2MP ပါဝင်မယ့် ဒီဖုန်းမှာ OS က Android 5.1 Lollipop ဖြစ်ပြီး ဘက်ထရီပမာဏက 2,200 mAh ဖြစ်ကာ LTE, Wi-Fi, Bluetooth 4.1,NFC စတဲ့ ဆက်သွယ်မှုစနစ်တွေ ပါဝင်တယ်လို့ သိရပါတယ်။ ထူးခြားချက်ကတော့ အကြမ်းခံစမတ်ဖုန်းတစ်လုံး ဖြစ်တာနဲ့အညီ Active Neo က ရေအနက် ၁.၅ မီတာမှာ မိနစ် ၃၀ ကြာရေစိမ်ခံနိုင်တဲ့ ရေစိုခံ အဆင့်သတ်မှတ်ချက် IP68 ရရှိထားသလို ပင်လယ်ရေဖုန်မှုန့် စိုထိုင်းဆ မိုးရေ၊ တုန်ခါမှုနေရောင်ခြည်ဖြာထွက်မှု စတဲ့အင်္ဂါတွေကနေ ကာကွယ်နိုင်တဲ့ MIL-STD-810G အဆင့်သတ်မှတ်ချက်လည်းရရှိထားပါတယ်။

လောလောဆယ်မှာတော့ဒီဖုန်းကို ဂျပန်တစ်နိုင်ငံထဲမှာပဲ စတင်ဖြန့်ချိသွားမှာဖြစ်ပြီး ဈေးနှုန်းကိုတော့ ယူရို ၁၅၀ သတ်မှတ်ထားပါတယ်။ Samsung အနေနဲ့ ActiveNeo ကိုအခြားနိုင်ငံတွေမှာပါ ဖြန့်ချိသွားဖို့ အစီအစဉ် ရှိပေမယ့်လည်း အသေးစိတ်ကိုတော့ ထုတ်ဖော်ပြောကြားခြင်းမရှိသေးပါဘူး။

## မောင်းသူမဲ့အငှားယာဉ်များ ဂျပန်တွင်စမ်းသပ်မည်




လာမယ့် ၂၀၁၆ ခုနှစ်မှာ ခရီးသည်တွေတင်ဆောင်ထားတဲ့မောင်းသူမဲ့အငှားယာဉ်တွေကိုအများပြည်သူသုံးလမ်းမတွေပေါ်မှာစမ်းသပ်သွားမယ့်အစီအစဉ်ကိုဂျပန်နိုင်ငံက ထုတ်ပြန်ကြေညာလိုက်ပါတယ်။

ဂျပန်အစိုးရနဲ့ Robot Taxi Inc တို့ ပူးပေါင်းပြီး ထုတ်ပြန်ခဲ့တဲ့ အဆိုပါကြေညာချက်အရ မောင်းသူမဲ့အငှားယာဉ်တွေစမ်းသပ်မှုပထမအဆင့်မှာ Kanagawa ဒေသခံ ၅၀ ကို နေအိမ်တွေကနေ စူပါမားကတ်တွေဆီအကြိုအပို့လုပ်ပေးသွားမှာဖြစ်တယ်လို့ Wall Street Journal က ဖော်ပြပါတယ်။

Wall Street Journal ရဲ့ဖော်ပြချက်အရ အဆိုပါစမ်းသပ်မှုမှာပြန်လည်မွမ်းမံထားတဲ့ Toyota Hybrid Minivan ကားတွေအသုံးပြုသွားမှာဖြစ်ပြီးမြို့တွင်းလမ်းတွေအပါအဝင်အကွာအဝေး ၂ မိုင်ခန့်ကိုသွားလာ မောင်းနှင်သွားမှာဖြစ်ပါတယ်။ ဒီခရီးစဉ်အစအဆုံးမှာ အလိုအလျောက်စနစ်နဲ့ မောင်းနှင်သွားမှာဖြစ်ပေမယ့်လည်း အရေးပေါ်အခြေအနေအတွက် ခရီးသည်တွေနဲ့အတူအကူယာဉ်မောင်း နှစ်ဦးလည်းပါဝင်မယ်လို့ သိရပါတယ်။

မောင်းသူမဲ့အငှားယာဉ်စမ်းသပ်မှုကို ကားဘယ်နှစ်စီးနဲ့စမ်းသပ်သွားမယ်ဆိုတာကိုတော့ Robot Taxi က ထုတ်မပြောပါဘူး။ ဒါပေမယ့်ဒီစမ်းသပ်မှုအောင်မြင်ခဲ့မယ်ဆိုရင်တော့ တိုကျိုမှာကျင်းပမယ့် ၂၀၂၀ အိုလံပစ် မတိုင်မီ လာမယ့် ၅ နှစ်အတွင်းမှာ စီးပွားဖြစ်ဝန်ဆောင်မှုပေးနိုင်မှာ ဖြစ်တယ်လို့ Robot Taxi က ဆိုပါတယ်။

## ZUK Z1 အား နိုင်ငံတကာတွင်စတင်ဖြန့်ချိ

Lenovo ရဲ့လက်ခွဲတစ်ခုဖြစ်တဲ့ ZUK က သူတို့ရဲ့ ပထမဆုံး စမတ်ဖုန်းကို တရုတ်နိုင်ငံမှာတရားဝင်မိတ်ဆက်အပြီး တစ်လခွဲအကြာမှာ နိုင်ငံတကာဈေးကွက်ကို စတင်ဖြန့်ချိလိုက်ပြီဖြစ်ပါတယ်။ တန်ဖိုးနည်း စမတ်ဖုန်းတစ်လုံးအဖြစ်ထုတ်လုပ်ထားတဲ့ Z1 ကို စပိန်နဲ့ ပြင်သစ်တို့မှာစတင်ဖြန့်ချိမှာဖြစ်ပြီး eBay ကနေတစ်ဆင့် ဝယ်ယူရရှိနိုင်မယ်လို့ သိရပါတယ်။

တရုတ်နိုင်ငံမှာ ထုတ်ဖြန့်ခဲ့တဲ့ အတိုင်း Android 5.1.1 Lollipop အခြေခံ Cyanogen OS 12.1 ပါဝင်တဲ့ဒီဖုန်းမှာ Zuk ကအဓိကအမှတ်တံဆိပ်အဖြစ်ပါဝင်မှာဖြစ်ပေမယ့် မိခင်ကုမ္ပဏီ Lenovo ရဲ့ သင်္ကေတတွေတော့ ဆက်လက်ပါဝင်ဦးမှာဖြစ်ပါတယ်။

လုပ်ဆောင်ချက်ပိုင်းအနေနဲ့ ကတော့ ZUK Z1 မှာ 1080p အရည်အသွေးရှိမယ့် ၅.၅ လက်မအရွယ် တို့ထိမျက်နှာပြင်ပါဝင်မှာပါ။ အတွင်းပိုင်းမှာတော့ Qualcomm Snapdragon 801 Chipset နဲ့အတူ 3GB RAM နဲ့ 64GB Storage တို့ပါဝင်မှာဖြစ်ပါတယ်။

အခြားအချက်အလက်တွေအနေနဲ့ကတော့ဒီဖုန်းမှာ 4G ဆက်သွယ်မှုစနစ်၊ Dual-SIM စနစ်၊ USB Type-C, Fingerprint Scanner စတဲ့ အချက်အလက်တွေနဲ့ အတူ 4,100 mAh ပမာဏရှိတဲ့ဘက်ထရီတို့ပါဝင်မယ်လို့ သိရပါတယ်။

ZUK အနေနဲ့ Z1 ကိုကနဦးမှာ စပိန်နဲ့ပြင်သစ်နိုင်ငံတို့မှာစတင်ဖြန့်ချိသွားမှာပါ။ ဈေးနှုန်းကိုတော့ စပိန်မှာ ယူရို ၂၇၉.၉၉ နဲ့ ပြင်သစ်မှာ ၂၈၅.၉၉ ယူရို သတ်မှတ်ထားတယ်လို့ သိရပေမယ့်လည်း အခြားနိုင်ငံတွေမှာ ဖြန့်ချိသွားမယ့်အချိန်ကိုတော့ မသိရသေးပါဘူး။



## မျက်နှာပြင် နှစ်ခုပါဝင်သည့် LG V10 မိတ်ဆက်



မျက်နှာပြင်နှစ်ခုနဲ့မျက်နှာစာကင်မရာနှစ်ခုပါဝင်တဲ့ တန်ဖိုးမြင့် V10 စမတ်ဖုန်းကို LG က တောင်ကိုရီးယားမှာကြေညာလိုက်ပါတယ်။

LG ရဲ့ကြေညာချက်အရ V10 ရဲ့ ၅.၇ လက်မအရွယ် QHD အဓိကမျက်နှာပြင်ပေါ်မှာ အရည်အသွေး 1040 x 160Pixel ရှိပြီး App Shortcuts တွေနဲ့ သတင်းအချက်အလက်တွေကို အဆင်သင့်အနေအထားနဲ့ ဖော်ပြပေးနိုင်တဲ့ ၂.၀ လက်မအရွယ်မျက်နှာပြင်အပိုတစ်ခုပါဝင်တယ်လို့သိရပါတယ်။

လုပ်ဆောင်ချက်ပိုင်း အနေနဲ့ကတော့ LG V10 မှာ Qualcomm ရဲ့ Snapdragon 808 SoC နဲ့အတူ 4GB RAM ပါဝင်မှာပါ။ မှတ်ဉာဏ်သိုလှောင်နိုင်စွမ်းကတော့ 64 GB ဖြစ်ပြီး MicroSD နဲ့ ထပ်မံတိုးချဲ့နိုင်တယ်လို့ သိရပါတယ်။ ကင်မရာပိုင်းမှာတော့ ကျောဘက်မှာ 16 MP ကင်မရာပါဝင်ပြီး မျက်နှာစာမှာတော့ အုပ်စုလိုက် Selfie ရိုက်ကူးတာမျိုးလို Wide Angel လိုအပ်တဲ့အခါမျိုးမှာ ပိုမိုကောင်းမွန်အောင် 5MP ကင်မရာနှစ်လုံး တပ်ဆင်ပေးထားတယ်လို့သိရပါတယ်။

ဆော့ဖ်ဝဲပိုင်းမှာ Android 5.1.1 Lollipop အသုံးပြုထားတဲ့ ဒီဖုန်းမှာ Hi-Fi DAC ပါဝင်မှာဖြစ်ပြီး Fingerprint Sensor ကိုတော့ပါဝါခလုတ်ပေါ်မှာတပ်ဆင်ထားတာကိုတွေ့ရပါတယ်။ ဆက်သွယ်မှုစနစ်အနေနဲ့ Full Conne-ctivity Suite ပါဝင်တယ်ဆိုတဲ့ဒီဖုန်းမှာ ဘက်ထရီကတော့ 3,000mAh ပါ။

LG အနေနဲ့ V10 ကို တောင်ကိုရီးယားနိုင်ငံမှာ ယခုလအတွင်း စတင်ဖြန့်ချိမှာဖြစ်ပါတယ်။ အမေရိကန်နဲ့ တရုတ်တို့အပြင် အာရှ၊ လက်တင်အမေရိကနဲ့ အရှေ့အလယ်ပိုင်း ဈေးကွက်တွေကိုလည်း နောက်ပိုင်းမှာဖြန့်ချိပေးသွားမယ်ဆိုပေမယ့် ဈေးနှုန်းအပါအဝင် အသေးစိတ်ကိုတော့ မသိရသေးပါဘူး။

# BeeTalk ရဲ့ စိတ်လှုပ်ရှားဖွယ်ရာ Public Account များ

## နေ့တိုင်း ရောက်ရှိလာမယ့် စိတ်ဝင်စားစရာ အကြောင်းအရာလေးတွေ... follow လုပ်ထားလိုက်ရုံပါပဲ !

1

### အဆင့် (၁)

BeeTalk ရဲ့ အဆက်အသွယ်များ (contacts) မှာ လူထုအကောင့်များ (public account) ဆိုတာရှိပါတယ်။




2

### အဆင့် (၂)

ညာဘက်ထောင့်က အပေါင်းလက္ခဏာလေးကို နှိပ်ပါ။




3

### အဆင့် (၃)

ကိုယ်နှစ်သက်ရာ လူထုအကောင့်တွေကို ရှာဖွေနိုင်ပါတယ်။




4

### အဆင့် (၄)

ကိုယ်လိုချင်တဲ့ လူထုအကောင့်ပေါ်လာရင် လိုက်ကြည့်ရန် (follow) နှိပ်လိုက်ပါ။

